EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၂၉) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (ဩဂုတ် ၂၀ ၊ ၂၀၁၈)



## ကချင်နိုင်ငံရေးပါတီများပေါင်းစည်းထားသည့်ကချင်ပြည်နယ်ပါတီတွင် ပြည်နယ်သူ/သားများအားလုံး ပူးပေါင်းပါဝင်စေလို

ဩဂုတ် ၁၇

ကချင်နိုင်ငံရေးပါတီ လေးခုပေါင်းစည်း ဖွဲ့စည်းခဲ့သည့် ကချင်ပြည်နယ်ပါတီ (Kachin State Party) တွင် လူမျိုး/ဘာသာမခွဲခြားဘဲ ကချင်ပြည်နယ်သူ/သားများ အားလုံးပါဝင်ရန် လိုအပ်ကြောင်း စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ - ကချင်ပြည်နယ် (UDP-KS) ဥက္ကဋ္ဌဦးခက်ထိန်နန်က ပြောသည်။

"ဒီပါတီက ပြည်သူတွေအားလုံးပါဝင်မှုအပေါ်မှာ မူတည်တယ်။ လူမျိုး/ဘာသာအားလုံးမခွဲခြားပဲ အားလုံးပါဝင်ဖို့အတွက် အရေးကြီးတယ်၊ ရည်ရွယ်တယ်၊ လိုအပ်တယ်၊ အားလုံးပါဝင်မှ အားရှိမယ်။ အောင်မြင်နိုင်မယ်၊ ကိုယ့်ပြည်နယ် ကိုယ့်ဒေသအကျိုးအတွက် ထိရောက်အောင် အကျိုးရှိအောင် ဆောင်ရွက်နိုင်မယ်" ဟု ဦးခက်ထိန်နန်ကပြောသည်။

စာ - ၂ သို့ »

## မိုင်းခေါင်စစ်ရှောင်စခန်းမှ အမျိုးသားနှစ်ဦး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တပ်မတော် ပြန်ကြားရေး၏ ထုတ်ပြန်ချက် မမှန်ကန်ဟုဆို

မြစ်ကြီးနား၊ ဩဂုတ် ၉

ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ မိုင်းခေါင်စစ်ရှောင်စခန်းမှ အမျိုးသားနှစ်ဦး သေဆုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး တပ်မတော်မှ သတင်းထုတ်ပြန်ချက်သည် မြေပြင်အခြေအနေများနှင့် ကွဲလွဲမှုများစွာရှိကြောင်း ဗန်းမော် လူမှုကူညီရေးအသင်းတစ်ခုထံမှ သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး တပ်မတော်သတင်းအမှန်ပြန်ကြားရေးအဖွဲ့မှ အချက်ကိုးချက်ပါရှိသည့် သဘောထားထုတ်ပြန်ချက် တစ်စောင်ကို ဩဂုတ်လ ၁၂ ရက်က ထုတ်ပြန်ခဲ့သော်လည်း ယင်းအချက်အားလုံးနီးပါး မှားယွင်းမှုများရှိနေသည်ဟု လူမှုကူညီရေးအသင်းမှ ကိုဒေးဗစ်ကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အကုန်လုံးနီးပါးကို လျစ်လျူရှုထားပြီးတော့မှ သူတို့လိုချင်တဲ့အချက်ကိုပဲ ပြောသွားတယ်။ ဒီမှာဖြစ်တာတွေနဲ့ အားလုံးလိုလို ကွဲလွဲနေတယ်"ဟု ကိုဒေးဗစ်က ဆက်လက်ရှင်းပြသည်။

စာ - ၅ သို့ »



## ဖားကန့်ဒေသတွင် အသေးစား၊ အလတ်စားလုပ်ကွက်များ ချထားပေးရန် လောလောဆယ်မဖြစ်နိုင်သေးဟုဆို

စာ - ၄ သို့ »

## လီဒိုလမ်းမကြီးနဲ့ ကချင်ပြည်နယ်ရဲ့ ပထဝီနိုင်ငံရေး

M. ကောန်လ

စာ - ၈ သို့ »

## မိမိနယ်မြေအတွင်း ဘိန်းခင်းများတွေ့ရှိလျှင်ဖျက်ဆီးသွားမည်ဟု လုံးခင်းစခန်းမှူး သတိပေး

စာ - ၄ သို့ »



## မြစ်ကြီးနားတက္ကသိုလ် ကျောင်းစာကြည့်တိုက်မှ စင်ပိတ်စနစ်ကြောင့် စာအုပ်အငှားနည်းပါးနေဟု ကျောင်းသူ ကျောင်းသားများပြော

စာ - ၃ သို့ »



## လော်ဝေါ်ရိုးရာယဉ်ကျေးမှုဗိမာန်ဝင်းအတွင်း ပျက်စီးသွားသော မြေသားများကို အကောက်ခွန်က ပြန်လည်ပြုပြင်ပေးမည်

စာ - ၁၃ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဩဂုတ် ၂၀ ၊ ၂၀၁၈ )

# ကချင်နိုင်ငံရေးပါတီများပေါင်းစည်းထားသည့် ကချင်ပြည်နယ်ပါတီတွင် ပြည်နယ်သူ/သားများအားလုံး ပူးပေါင်းပါဝင်စေလိုဟု ဦးခက်ထိန်နန်ပြောကြား

ဩဂုတ် ၁၇

ကချင်နိုင်ငံရေးပါတီ လေးခုပေါင်းစည်း ဖွဲ့စည်းခဲ့သည့် ကချင်ပြည်နယ်ပါတီ (Kachin State Party) တွင် လူမျိုး/ဘာသာမခွဲခြားဘဲ ကချင်ပြည်နယ်သူ/သားများ အားလုံးပါဝင်ရန် လိုအပ်ကြောင်း စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ - ကချင်ပြည်နယ် (UDP-KS) ဥက္ကဋ္ဌဦးခက်ထိန်နန်က ပြောသည်။

"ဒီပါတီက ပြည်သူတွေအားလုံးပါဝင်မှုအပေါ်မှာ မူတည်တယ်။ လူမျိုး/ဘာသာအားလုံးမခွဲခြားပဲ အားလုံးပါဝင်ဖို့အတွက် အရေးကြီးတယ်၊ ရည်ရွယ်တယ်၊ လိုအပ်တယ်၊ အားလုံးပါဝင်မှ အားရှိမယ်။ အောင်မြင်နိုင်မယ်၊ ကိုယ့်ပြည်နယ် ကိုယ့်ဒေသအကျိုးအတွက် ထိရောက်အောင် အကျိုးရှိအောင် ဆောင်ရွက်နိုင်မယ်" ဟု ဦးခက်ထိန်နန်ကပြောသည်။

ဩဂုတ်လ ၁၁ ရက်နေ့က ကချင်လူထုကိုယ်စားလှယ် ၁၇ ဦးကော်မတီနှင့်အတူ ကချင်ပါတီ ၄ ခုတို့က စုဖွဲ့ထားသည့် ပါတီအသစ်၏နာမည်နှင့် ပါတီလိုဂို၊ အလံ၊ အမှတ်တံဆိပ်တို့ကို ရွေးချယ်ကာ သဘောတူဆုံးဖြတ်ခဲ့ကြသည်။

"Kachin State Party ပါတီအလံကို အနီ၊ အဖြူ၊ အပြာ အဲ့ဒီကာလာသုံးခုနဲ့ အလယ်မှာ ကချင်ပြည်နယ်မြေပုံဖြစ်တယ်၊ ထိပ်ဆုံးက အနီကတော့ ရဲရင့်ခြင်း၊ အလယ်က အဖြူက ဖြူစင်သန့်ရှင်းခြင်း၊ အောက်က အပြာကတော့ ငြိမ်းချမ်းခြင်းဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ အဲ့ဒီသုံးခုရဲ့အလယ်က ကချင်ပြည်နယ်မြေပုံကတော့ အစိမ်းရောင် စိမ်းလန်းစိုပြေခြင်းနှင့် သယံဇာတပြည့်ဝခြင်းပေါ့"ဟု ဦးခက်ထိန်နန်က ရှင်းပြပြောဆိုသည်။

ကချင်ပြည်နယ်ပါတီတွင် ပြည်သူအားလုံးပါဝင်လာပြီး ပညာတတ်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လာရန် မျှော်လင့်ကြောင်း၊ ထိုသို့ ပူးပေါင်းပါဝင်လာမှသာ အင်အားကြီးပါတီဖြစ်လာကာ မိမိဒေသ၊ မိမိပြည်နယ်အတွက် အကျိုးဖြစ်မြောက်လာမည်ဖြစ်ကြောင်းလည်း ၎င်းကထပ်မံပြောဆိုသည်။

ထို့အပြင် ပေါင်းစည်းရေးတွင် ပါဝင်ခြင်းမရှိသေးသော ပြည်နယ်အခြေစိုက် ကချင်ပါတီများကိုလည်း ထပ်မံစည်းရုံးသွားမည်ဟု ကချင်ပြည်နယ်ဒီမိုကရေစီပါတီ(KSDP) ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

"ပါတီ Side ဘက်က အားလုံး စည်းစည်းလုံးလုံးဖြစ်သွားပြီဆိုရင်တော့ ပြည်သူလူထုကလည်း အားရကျေနပ်ကြမှာပါလို့ ယုံကြည်မျှော်လင့်တယ်" ဟု ဒေါက်တာတူးဂျာကပြောသည်။

ပေါင်းစည်းထားသည့် ကချင်ပြည်နယ်ပါတီအနေဖြင့် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင်ယခင်ရွေးကောက်ပွဲထက် ပိုမိုအောင်မြင်မှု ရရှိလာမည်ဟု ယုံကြည်ကြောင်းလည်း ဒေါက်တာတူးဂျာက ပြောသည်။

"၂၀၂၀ မှာတော့ အခုပေါင်းစည်းထားတဲ့ကချင်ပြည်နယ်ပါတီရဲ့ အောင်မှတ်ကတော့ တော်တော်လေးအားရစရာကောင်းလိမ့်မယ်လို့ ယုံကြည်တယ်။ ကချင်ပြည်နယ်လွှတ်တော်အများစုကို ရရှိသွားမယ်လို့ မျှော်မှန်းပါတယ်" ဟု ဒေါက်တာတူးဂျာက ပြောသည်။




၂၀၁၅ ရွေးကောက်ပွဲကာလက ကွဲပြားနေသည့် ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းလာရေးအတွက် ပြည်သူလူထုအနေဖြင့် တောင်းဆိုခဲ့ကြသဖြင့် ထိုသို့ပေါင်းစည်းနိုင်ခဲ့ခြင်းဖြစ်ပြီး ကချင်ပြည်နယ်သူ/သားများအတွက် အကျိုးရှိသည့် ပေါင်းစည်းခြင်းလည်းဖြစ်သည်ဟု ကချင်ပါတီများ ပေါင်းစည်းရေးအတွက် ဦးဆောင်ပါဝင်ခဲ့သူ ဦးလမောင်လတောင်က ပြောသည်။

"နဂိုကကတည်းကပေါင်းစည်းခိုင်းစေချင်တာက ကျွန်တော်တို့ဆန္ဒပါ၊ အဲ့လိုပေါင်းစည်းမှပဲ ကချင်ပြည်နယ်မှာ ကချင်အမျိုးသားတွေ ဦးစီးဦးဆောင်တဲ့ ကချင်ပါတီဖွဲ့လို့ရမှာ၊ ဒါမှ ကချင်ပြည်နယ်အစိုးရကို ဖွဲ့စည်းနိုင်မှာလေ မပေါင်းစည်းလို့ရှိရင်တော့ ဖွဲ့စည်းနိုင်မယ့် အလားအလာမရှိဘူး၊ အစကတည်းကနေ ပေါင်းစည်းခိုင်းချင်တာက ကချင်ပြည်နယ်မှာ ကချင်တွေဦးဆောင်တဲ့ အစိုးရဖွဲ့စည်းခိုင်းစေချင်တဲ့ ဆန္ဒသဘောအနေနဲ့ ကျွန်တော်တို့က ပေါင်းခိုင်းချင်တာပါ။ အခုပေါင်းနိုင်ပြီဆိုတော့ အရမ်းဝမ်းသာတယ်။ တစ်ခုတော့ရှိတယ် State ကို အခြေမခံဘဲနဲ့ mission ကို အခြေခံပြီးသွားရင်တော့ ပိုပြီး ပြည်နယ်အရေးကောကချင်တစ်မျိုးသားလုံးရဲ့ အရေးကော ပိုပြီးတော့ လုပ်နိုင်မလားပေါ့ state ကို အခြေခံထားလို့ရှိရင်တော့ မဲပြန်ကြည့်ရင် ကျန်တဲ့လူဦးရေထက် ကချင်က လူနည်းစုဖြစ်သွားမှာလေ ဒါကြောင့် mission ကို အဓိကထားပြီးတော့ အားလုံးအတွက် ထည့်သွင်းစဉ်းစားပြီးသွားရင် ပိုပြီးခရီးတွင်မယ်လို့ မြင်ပါတယ်"ဟု ဦးလမော်လတောင်က သုံးသပ်ပြောဆိုသည်။

၂၀၁၅ ရွေးကောက်ပွဲကာလက ကချင်ပါတီများ တကွဲတပြားဖြစ်နေခြင်းကြောင့် ကချင်လူထုများအနေဖြင့် မဲပေးရွေးချယ်ရန် အခက်တွေ့စေခဲ့သဖြင့် ကချင်ပါတီများ မပေါင်းစည်းလျှင် မည်သည့်ပါတီကိုမျှ မဲထည့်မည်မဟုတ်ကြောင်း ဦးလမော်လတောင် ဦးဆောင်သည့် ဖားကန့်ဒေသမှ ကချင်တိုင်းရင်းသားများက ပြောဆိုခဲ့သည်။ ယခုလို ပေါင်းစည်းယှဉ်ပြိုင်လျှင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ခရီးတွင်မည့် ရလဒ် ထွက်ပေါ်လာနိုင်သည်ဟုလည်း ဦးလမော်လတောင်က ပြောသည်။

ကချင်ပြည်နယ်ပါတီ၏ ပေါ်လစီကိုမူ ချမှတ်ထားခြင်းမရှိသေးဘဲ ပေါင်းစည်းထားသည့် ကချင်နိုင်ငံရေးပါတီ ၄ ပါတီမှ ရရှိလာသည့်ပေါ်လစီနှင့် ပညာရှင်များချမှတ်မည့် ပေါ်လစီတို့ကို ဆွေးနွေးကာ အကြမ်းရေး ဆွဲသွားမည်ဟုလည်းသိရသည်။

"အရင်က ပါတီတိုင်းမှာ ပေါ်လစီချမှတ် ထားတာရှိတယ်။ ဒါကို အခုက အားလုံးယူပြီး စုပေါင်းထားတယ်။ ဒါတွေကို ပါတီကလုပ်တာနဲ့ သူတို့လုပ်တာနဲ့ ပေါင်းစပ်ပြီးတော့မှ ကချင်ပြည်နယ်သူ/သားတွေအတွက် အကျိုးအရှိဆုံး ချမှတ်သွားဖို့ လုပ်ဆောင်သွားမှာပါ။ ပြည်နယ်အတွက်လည်း အကျိုးရှိရမယ်။ ပြည်ထောင်စုကိုလည်း အကျိုးပြုနိုင်ရမယ်။ လူမျိုး/ဘာသာမခွဲခြားပဲအားလုံးကို အကျိုးပြုနိုင်တဲ့ပါတီဖြစ်အောင် ပါတီပေါ်လစီ ရေးဆွဲသွားမှာပါ"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ယင်း ပါတီပေါင်းစည်းရေးတွင် လိုအပ်သည်များကို ချမှတ်နိုင်ရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ ဘာသာရေးအဖွဲ့၊ CSOs ၊ ပညာရှင်တို့ပါဝင်သည့် ၁၇ဦးကော်မတီကိုဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ကြပြီး တရားဝင်ပါတီသစ် ဖြစ်လာရေးနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၁၇ ဦးကော်မတီတွင် ပညာရှင် ၁၀ဦး ထပ်မံထည့်သွင်းကာ အလုပ်မှုဆောင် ၂၇ ဦးကော်မတီကိုလည်း ဖွဲ့စည်းခဲ့ကြသည်။

ယခုပေါင်းစည်းထားသည့် ကချင်နိုင်ငံရေးပါတီ လေးခုမှာ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင် ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (မနောတိုင်ပါတီ)(UDPKS)နှင့် ကချင်အမျိုးသားကွန်ကရက်ပါတီ (KNC)ပါတီတို့ဖြစ်သည်။

၎င်းတို့အနေဖြင့် ဩဂုတ်လ ၂၀ ရက်တွင် ဆွေးနွေးမှု ထပ်မံပြုလုပ်မည်ဖြစ်ပြီး ပေါင်းစည်းထားသည့် ကချင်ပြည်နယ်ပါတီအနေဖြင့် ပါတီတရားဝင် မှတ်ပုံတင်ခြင်းကိစ္စနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

Salai



# မြစ်ကြီးနားတက္ကသိုလ် ကျောင်းစာကြည့်တိုက်မှ စင်ပိတ်စနစ်ကြောင့် စာအုပ်အငှားနည်းပါးနေဟု ကျောင်းသူ ကျောင်းသားများပြော

ဩဂုတ် ၁၆

မြစ်ကြီးနားတက္ကသိုလ် ကျောင်းစာကြည့်တိုက်တွင်စာလာဖတ်သော ကျောင်းသူ/သားဦးရေသည် တက်ရောက်နေသော တက္ကသိုလ်ကျောင်းသားဦးရေ၏ ရှစ်ပုံတစ်ပုံသာ ရှိခဲ့ကြောင်း သိရသည်။

ယခုလက်ရှိ မြစ်ကြီးနား တက္ကသိုလ် ကျောင်းသူ/သားဦးရေ ၆၆၂၃ ယောက် ရှိသည့်အနက်မှ ယခုလက်ရှိ စာလာဖတ်သူ ဦးရေသည် ၇၉၈ ယောက်ရှိကြောင်း သိရပြီး ယင်းအရေအတွက်သည် ယခင်နှစ်ကထက် တိုးလာကြောင်း စာကြည့်တိုက်မှူး ဒေါ်နွယ်နီချိုထွန်းထံမှ သိရသည်။

"အရင်တုန်းကတော့ သိပ်မဖတ်ဘူး။ အခုကတော့ ဘာပဲပြောပြောလာပါတယ်။ ကလေးတွေ လေ့လာကြတယ်။ ဘယ်အချိန်တွေလဲဆိုတော့ ဒီခုနှစ်လပိုင်းရှစ်လပိုင်းမှာလာငှားကြတယ်။ ခြောက်လပိုင်း ကျောင်းဖွင့်ဖွင့်ချင်းကျတော့ ကလေးတွေ မစုံတော့ သိပ်မလာကြဘူးလေ။ ကိုးလပိုင်းကျတော့ စာမေးပွဲနားနီးသွားတော့ ပြန်ပြီးတော့ လျော့သွားတယ်ဟု ဒေါ်နွယ်နီချိုထွန်းက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကျောင်းသူ/သားများကို မေးမြန်းကြည့်ရာ အင်္ဂလိပ်စာမေဂျာမှ မောင်ဇင်သုတက ကျောင်းစာကြည့်တိုက်ကို ပိုပြီးတိုးတက်စေချင်ကြောင်း ပြောသည်။

"ကျောင်းစာကြည့်တိုက်နဲ့ ပတ်သက်ရင် ပိုပြီး develop ဖြစ်စေချင်တယ်။ စာအုပ်ရောင်းပွဲတော်တွေ ကျင်းပစေချင်တယ်၊စာကြည့်တိုက်မှာ စာလာဖတ်ဖို့ကတော့ ကျောင်းသူ/သားတွေမှာ passion ရှိဖို့ လိုတာပေါ့နော်၊ အလင်းရောင်ကောင်းကောင်းနဲ့ စာအုပ်စင်နားထိသွားပြီး စိတ်ကြိုက်ရွေးရတာ ပိုအဆင်ပြေမယ် ထင်ပါတယ်"ဟု ပြောသည်။

ကျောင်းသူလေးတစ်ဦးကို ဆက်လက် မေးမြန်းရာ ကျောင်းစာကြည့်တိုက်သို့သွားဖြစ်ကြောင်း၊ သို့သော် စာအုပ်ကိုကြည့်၍ စိတ်ကြိုက်ရွေးခွင့်မရှိဘဲ စာအုပ်အမည်စာရင်းကို ကြည့်ပြီးမှသာ ငှားရမ်းခွင့်ရကြောင်း ပြောသည်။

"ညီမတို့က ကျောင်းစာကြည့်တိုက် မကြာခဏသွားဖြစ်ပါတယ်။ ကဒ်လုပ်ရောလုပ်ထားတယ်။ စာအုပ်တွေကတော့ စိတ်ကြိုက်ရွေးခွင့် ရှိပါတယ်။ အကူအညီလိုရင်လည်းရှာပေးတယ်။ ဒါပေမဲ့ စင်ပိတ်စနစ်ကို ကိုယ်တိုင်ရွေးခွင့်မရှိတာတော့ သိပ်မကျေနပ်ဘူးပေါ့နော်"ဟု အမည်မဖော်လိုသူ ကျောင်းသူတစ်ဦးက ပြောသည်။

စာအုပ်ကိုယ်တိုင်ရွေးခွင့်မရှိသောစင်ပိတ်စနစ်နှင့် ပတ်သက်၍ ဓာတုဗေဒမေဂျာမှ မောင်ဘရန်ဆိုင်းက သူ၏အမြင်ကို ပြောသည်။

"ဒီကိုလာတာ နှစ်နှစ်ရှိပြီ။ အဆင်တော့ ပြေပါတယ်။ စာအုပ်ရှာတဲ့နေရာမှာ စာအုပ်ကများတော့ ရှာရခက်တာမျိုးတွေ ရှိတယ်လေနော်။ ခေါင်းစဉ်ထည့်ထားတဲ့ သေတ္တာတွေက အများကြီးနာမည်နဲ့ အကန့်အကန့်တော့ လုပ်ထားတယ်ဆိုပေမယ့် သေတ္တာတိုင်းရှာဖို့တော့ အချိန်မရှိဘူး။ ဖြစ်နိုင်မယ်ဆိုရင် ဥပမာ - ကိုယ်က စီးပွားရေးစာအုပ် ဖတ်မယ်ဆိုရင် လက်ပ်တော့ပ်မှာဖြစ်ဖြစ်ပေါ့။ စီးပွားရေးစာမျက်နှာတွေ ဘယ်လောက်ရှိတယ်။ codeတွေဘယ်လောက်ရှိတယ်ဆိုတာ တိုက်ရိုက်ရှာနိုင်မယ်ဆိုရင် ပိုကောင်းတယ်"ဟုပြောသည်။

စင်ပိတ်စနစ်က အခြားတက္ကသိုလ်ကြီးများတွင်လည်း ကျင့်သုံးသည့် စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်နှင့် ပတ်သက်ပြီး အစီအစဉ်များကို အဆင်ပြေအောင် တတ်နိုင်သလောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာကြည့်တိုက်မှူး ဒေါ်နွယ်နီချိုထွန်းက ပြောကြားသည်။

"သူတို့တွေက ကိုယ်တိုင်လာကြည့်ချင်ကြတာပေါ့နော်။ ဆိုတော့ အားလုံးအတွက်တော့ လုပ်ပေးဖို့ အစီအစဉ်မရှိဘူး။ တကယ်လို့ အရမ်းလေ့လာချင်လို့ သိချင်လို့ဆိုရင်တော့ ကြည့်ခိုင်းမယ်။ တက္ကသိုလ်ကျောင်းတော်တော်များများ မြန်မာနိုင်ငံမှာတော့ စင်ပိတ်စနစ်ပဲ လုပ်ထားတယ်"ဟု စာကြည့်တိုက်မှူးက ရှင်းပြပြောဆိုသည်။

ကျောင်းစာကြည့်တိုက် ပိုမိုတိုးတက်ပြီး ကျောင်းသားများအတွက် အဆင်ပြေအောင် ပြုလုပ်လျှက်ရှိကြောင်း ဒေါ်နွယ်နီထွန်းမှ ဆက်လက်ပြောကြားပြီး ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်နေကြောင်း၊ လာမည့် စာသင်နှစ်အမီ တတ်နိုင်သလောက် အမြန်ဆုံးဖြစ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက်တွင် လက်ရှိစာအုပ်ပေါင်း ၄၀၀၀၀ ဝန်းကျင်ရှိပြီး E-tekkatho (wifi offline) ဖြင့်လည်း စာဖတ်ရှုနိုင်ကြောင်း သိရသည်။



Ann/ Benadeth

# မြစ်ဆုံစီမံကိန်း ထာဝရရပ်ဆိုင်းရေး ဆောင်ရွက်မည့် ကျေးရွာများပူးပေါင်းပြီး ကော်မတီဖွဲ့စည်း

ဩဂုတ် ၁၇

မြစ်ချောင်းအင်းအိုင်များနှင့် မြေယာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြစ်ဆုံဒေသတစ်ခုလုံးကို ကိုယ်စားပြုသော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

ယင်းကော်မတီတွင် ကျေးရွာ ၁၃ ရွာမှ လူဦးရေ ၃၅ ဦး ပါဝင်ဖွဲ့စည်းထားကြောင်း MRJ အဖွဲ့ခေါင်းဆောင် ဦးလရှီးအောင်လတ်က ပြောသည်။

"မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းထားတာက ၇ နှစ်ပြည့်တော့မယ်။ ပြည်သူတွေကလည်း စီမံကိန်းစကတည်းကနေ ကန့်ကွက်တာ အခုချိန်ထိပဲ။ အစိုးရလည်း လုံးဝရပ်ဆိုင်းပြီဆိုပြီး ပြောတာမရှိသေးဘူး။ ဒါကြောင့် ဒါကိုပြည်သူတွေရဲ့ စိတ်သဘောထားကိုရရှိဖို့ ဒီဆွေးနွေးပွဲကို လုပ်တာဖြစ်တယ်"ဟု ပြောသည်။

ဒေသခံများ၏ သဘောတူညီမှုမရဘဲ ဗဟိုမှ ထိန်းချုပ်ပြီး လုပ်ဆောင်သော မည်သည့် စီမံကိန်းများကိုမဆို လုံးဝကန့်ကွက်ကြောင်း၊ မိမိဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ အရင်းအမြစ်ကို ထိခိုက်စေမည့် စီမံကိန်းများအားလုံးရပ်ဆိုင်းရန်၊ မြစ်ဆုံနှင့် အခြားဧရာဝတီမြစ်ညာ မြစ်ဝှမ်းများတွင် ဆောက်လုပ်မည့် ရေကာတာစီမံကိန်းများ အားလုံးရပ်ဆိုင်းရန် စသည့် အချက်များဖြင့် ထုတ်ပြန်ကြေညာထားသည်။




မြစ်ချောင်းအင်းအိုင်များနှင့် မြေယာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရသည့် ရည်ရွယ်ချက်ကိုလည်း KDNG ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ရက်မှ ကိုစားဂျီက ပြောသည်။

"သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ မြေယာဆိုင်ရာ၊ သဘာဝသယံဇာတဆိုင်ရာ၊ မြစ်ချောင်းအင်းအိုင်ဆိုင်ရာ၊ ဒါတွေကို စီမံခန့်ခွဲဖို့နဲ့ ပိုင်ဆိုင်ဖို့ အုပ်ချုပ်စီမံဖို့နဲ့ ကောင်းမွန်တဲ့ ပေါ်လစီတွေရှိရမယ် ဆိုတဲ့ဟာ ဒေသခံပြည်သူတွေ အားလုံးသိရှိနားလည်းဖို့ ဒီမြေဒီရေ ဒီနေရာ ဒီသယံဇာတ ဒီပတ်ဝန်းကျင်ဟာကိုယ်နဲ့သက်ဆိုင်တယ်ဆိုတာ. . . ဘယ်လိုဝိုင်းဝန်း ကာကွယ်ထိန်းသိမ်းမယ်ဆိုတဲ့ဟာ. . . အောက်ခြေလူထုအားလုံးနားလည်ပြီး ကိုယ့်မြေကိုယ့်ရေ ကိုယ့်နေရာကို ကိုယ့်သယံဇာတ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်ဖို့ ဖြစ်တယ်လို့"ဟု ကိုစားဂျီကပြောသည်။

မြစ်ချောင်းအင်းအိုင်များနှင့် မြေယာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲကို MRJ (Mungchying Rawt Jat) နှင့် KDNG (Kachin Development Network Group)မှ ဦးဆောင်ပြီး ဩဂုတ်လ ၁၅ ရက်နှင့် ၁၆ ရက်နေ့က အာလမ်ကျေးရွာတွင် ပြုလုပ်ခဲ့ရာ အင်ဂျန်ယန်၊ မဇွပ်ကျေးရွာ၊ တန်ဖရဲ(မြစ်ဆုံ)၊ အောင်မြင်သာ၊ ကျိန်ခရန်၊ အင်ဂန်း၊ ခန်းဘူ၊ မလိယန်၊ လုံဂါဇွပ်၊ ဒွန်ဂန်၊ အာလမ်၊ အူဗျစ်နှင့်လမုန်းဇွပ် ကျေးရွာများမှ လူဦးရေ ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

လဖိုင်လု

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ခေါင်ဒေါင်နုတ်

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန့် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဖားကန့်ဒေသတွင် အသေးစား၊ အလတ်စားလုပ်ကွက်များ ချထားပေးရန် လောလောဆယ်မဖြစ်နိုင်သေးဟုဆို



မြစ်ကြီးနား၊ ဩဂုတ် ၁၇

ကျောက်မျက်တူးဖော်ရေးရာသီတွင် ဖားကန့်၌ အသေးစားနှင့် အလတ်စား လုပ်ကွက်များ လုပ်ကိုင်ခွင့်ပြုရန် မလွယ်ကူနိုင်သေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၂၀၂၀ ခုနှစ်အထိ တူးဖော်ခွင့် ကျန်ရှိသည့် လုပ်ကွက်များ ရှိနေသေးသည့်အတွက် အသေးစားနှင့် အလတ်စားလုပ်ကွက်များကို ၂၀၂၀ ခုနှစ်လွန်မှသာ တူးဖော်လုပ်ကိုင်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ချပေးမယ်ဆိုရင် တစ်ပြိုင်တည်း ချပေးရမယ်။ ချပေးလို့ ရတာက ရွှေလုပ်ကွက်ပဲရမယ်။ ကျောက်စိမ်းက ဥပဒေနဲ့ တားမြစ်ထားတာတွေလည်း ရှိတယ်။ တချို့ဆို ၂၀၂၁ အထိ သက်တမ်းရှိတာတွေလည်း ရှိတယ်။ အဲဒီနောက်ပိုင်းမှပဲ အားလုံးကို တပြေးညီချထားပေးလို့ရနိုင်မယ်။ အခုကတော့ မရသေးပါဘူး”ဟု ဦးတင့်စိုးက အတည်ပြုပြောကြားသည်။

ဖားကန့်ဒေသတွင် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီပေါင်း ၃၀၀ ကျော်၊ ပုဂ္ဂလိက လုပ်ကွက်ပေါင်း ၄၆၀၀ ကျော်နှင့် နိုင်ငံတော်နှင့် အကျိုးတူလုပ်ကွက်ပေါင်း ၂၀၀ ကျော်ကို မြေဧက ၇၉၀၀ ကျော်ပေါ်တွင် တူးဖော်လုပ်ကိုင်ခွင့်ပြုထားပြီး လအလိုက် နှစ်အလိုက် သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ ၂၀၂၀ ပြည့်နှစ်အရောက်တွင် သက်တမ်းအားလုံးကုန်ဆုံးမည်ဖြစ်ကြောင်းလည်း သိရသည်။

“လအလိုက်တော့ ကုန်သွားတဲ့ သက်တမ်းကုန်လုပ်ကွက်တွေရှိမယ်။ ဒါကိုလည်း သေချာစိစစ်ဖို့တော့ လိုပါတယ်။ ဘာလို့လဲဆိုတော့ မသမာနည်းနဲ့ တူးတာတွေလည်း ရှိတယ်။ သက်တမ်းကုန်လုပ်ကွက်မှာ တူးတာတွေလည်း ရှိပါတယ်”ဟုလည်း ဦးတင့်စိုးက ထပ်မံပြောသည်။

ယင်းသို့ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှသာ ချပေးမည်ဆိုပါက ကျောက်စိမ်းများကုန်ဆုံးသွားမည့် အချိန်သို့ရောက်ရှိသွားမည်ဖြစ်ကြောင်း ယခုနှစ်များတွင် ချထားပေးမှသာ အဆင်ပြေနိုင်လိမ့်မည် ဖြစ်ကြောင်း လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာနေ ရေမဆေးခေါင်းဆောင်တစ်ဦး ဖြစ်သည့် ကိုနေမင်းအောင်မှ ပြောသည်။

“အဲဒီအချိန်မှ ချပေးမယ်ဆိုရင်တော့ ပေးမနေနဲ့တော့။ ဘာမှလည်း ကျန်တော့မှာမဟုတ်တော့ဘူး။ အခုတောင်ကုန်သလောက်ဖြစ်နေပြီ”ဟု ကိုနေမင်းအောင်မှ ဆက်လက်ပြောပြသည်။

NLD အစိုးရတက်လာသည် နောက်ပိုင်းတွင် ၂၀၁၇ ကျောက်မျက်ဥပဒေမူကြမ်းကို ပြင်ဆင်ရေးဆွဲရာတွင်အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များကို ပြည်နယ်အစိုးရ၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုရန် ပြဋ္ဌာန်းခဲ့ပြီး ကျန်လုပ်ကွက်များအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်လုပ်ကိုင်ခွင့်ပြုရန် ရေးဆွဲခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# မိမိနယ်မြေအတွင်း ဘိန်းခန်းများတွေ့ရှိလျှင် ဖျက်ဆီးသွားမည်ဟု လုံးခင်းစခန်းမှူး သတိပေး



*လုံးခင်းကျေးရွာက ဘိန်းခင်းများအား ၂၀၁၇ တွင် တွေ့ရစဉ်*

*ဓာတ်ပုံ - ဆိုင်းမိုင်*

မြစ်ကြီးနား၊ ဩဂုတ် ၁၇

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စုအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းဝယ်သည့် ယာယီတဲများတွေ့ရှိပါက ဖျက်ဆီးသွားမည်ဖြစ်ပြီး ရောင်းဝယ်သုံးစွဲမှုကို တွေ့ရှိပါက ထိရောက်စွာအရေးယူသွားမည်ဟု လုံးခင်းနယ်မြေရဲစခန်းက သတိပေးထားသည်။

ဩဂုတ်လ ၁၅ ရက်နေ့က လုံးခင်းကျေးရွာအုပ်စု၊ မော်ပုံကျေးရွာတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေသည့် ယာယီတဲဆိုင်ခန်း ၃၅ ခန်းကို ဖျက်ဆီးခဲ့ပြီး ထပ်မံတွေ့ရှိခဲ့ပါကလည်း ဖျက်ဆီးသွားမည်ဖြစ်ကြောင်း လုံးခင်းနယ်မြေရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိန်မြင့်ထွန်းမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“တွေ့ရင်တွေ့သလိုပဲ ရောင်းစားလို့မရအောင် လိုက်ပြီးတော့မှ ဖျက်ဆီးနေမှာပဲ။ ကျူးကျော်တဲတွေဆိုတော့ မြေယာပိုင်ဆိုင်မှုအထောက်အထားမရှိတော့ ရာဇဝတ်မှုတွေလည်း ဖြစ်လာနိုင်တယ်လေ။ လူတွေတော့ သွားဖမ်းတဲ့အချိန်မှာ မတွေ့ခဲ့ပါဘူး”ဟုလည်း စခန်းမှူးမှ ဆက်လက်ပြောပြသည်။

ထို့အပြင် ဇူလိုင်လ ၃ ရက်နေ့ကလည်း ယင်းနယ်မြေဒေသတွင် ကျေးရွာ၏ ခွင့်ပြုချက်မရရှိဘဲ မူးယစ်ဆေးဝါးရောင်းဝယ်သည့် ယာယီတဲ ၅၀ ကျော်ကို ဖျက်ဆီးခဲ့ရာမှ ယခုကဲ့သို့တဲ ၃၅ လုံး ပြန်လည်တည်ဆောက်ကာ ရောင်းဝယ်မှုပြုလုပ်ခဲ့ခြင်းကြောင့် ယခုလိုလုပ်ဆောင်ရခြင်း ဖြစ်ကြောင်းလည်း စခန်းမှူးက ပြောသည်။

ဒေသခံအများစုက မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ယခုလို လုပ်ဆောင်ခြင်းကို အားပေးကြောင်း၊ လုံးခင်း အုပ်စုတင်မကဘဲ ဖားကန့်မြို့နယ်တစ်နယ်လုံးတွင်ရှိသည့် မူးယစ်ဆေးဝါး ရောင်းချနေသည့် ယာယီတဲများကိုလည်း လိုက်လံစစ်ဆေးသင့်ကြောင်းလည်း ပြောဆိုနေကြသည်။

“ဖားကန့်မှာ မူးယစ်ဆေးဝါးရောင်းတဲ့ နေရာတွေအကုန်လုံးကို ဒီလိုလုပ်နိုင်ရင်တော့ကောင်းမယ်။ ဒါမှ မူးယစ်ဆေးဝါး ပပျောက်မှာ။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်သင့်ပါတယ်”ဟုလည်း ဆိပ်မူကျေးရွာမှ ကိုလမင်းဦးက သုံးသပ်ပြောကြားသည်။

ဖားကန့်ဒေသတွင် မြို့နယ်ရဲစခန်းမှူး အသစ်ပြောင်းလာသည့်နောက်ပိုင်း ရာဇဝတ်မှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနေကြောင်း ဒေသခံများက ပြောဆိုနေကြပြီး ဩဂုတ်လ ၉ ရက်နေ့ကလည်း မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် ကျော်ဇောသတင်းရှိသူ ဦးသိန်းဇော်ထံမှ ငွေကျပ်သိန်း ၃၅၀ ရယူခဲ့မှုနှင့် ပတ်သက်ပြီး ဖားကန့်မြို့မရဲစခန်း ဒုတိယစခန်းမှူးနှင့် နယ်ထိန်းနှစ်ဦးကို စစ်ဆေးလျှက်ရှိကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# မိုင်းခေါင်စစ်ရှောင်စခန်းမှ အမျိုးသားနှစ်ဦး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တပ်မတော် ပြန်ကြားရေး၏ ထုတ်ပြန်ချက် မမှန်ကန်ဟုဆို

ဩဂုတ် ၁၇

တပ်မတော်၏ သဘောထားထုတ်ပြန်ချက်တွင် "ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော်က နယ်မြေရှင်းလင်းရေးဆောင်ရွက်ချိန် တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကေအိုင်အေနှစ်ဦးကို အသေဖမ်းဆီးရမိခဲ့သည်"ဟု ပါရှိသည်။

ထို့အပြင် "ဖေဖော်ဝါရီလ ၅ ရက်အရောက်တွင် မိုင်းခေါင်ကျေးရွာမှ ဒေါ်ကော့အောင်က ယင်းကျေးရွာရှိ ကေဘီစီ စစ်ရှောင်စခန်းတွင် နေထိုင်သူ ဦးဖော်ဂန်ယော်နှင့် RC စစ်ရှောင်စခန်းတွင် နေထိုင်သူ ဦးနော်ဆန့်တို့နှစ်ဦး ဇန်နဝါရီလ ၃၀ ရက်နေ့က ကျွဲနွားများသွားရောက် ကြည့်ရှုရန် ခပရာကျေးရွာသို့သွားရာမှ တစ်လကြာသည့်တိုင် ပြန်မလာသဖြင့် မန်စီရဲစခန်းသို့တိုင်တန်းခဲ့ရာ ရဲစခန်းက အမှုဖွင့်ပေးခဲ့သလို ကချင်ပြည်နယ်အစိုးရအဖွဲ့မှလည်း ယင်းပျောက်ဆုံးမှုကို စစ်ဆေးရန် ညွှန်ကြားခဲ့သဖြင့် မန်စီထွေ/အုပ်ရုံးမှ စုံစမ်းစစ်ဆေးရေးဖွဲ့စည်းစစ်ဆေးခဲ့သည်ဟု ဆိုသည်။

တပ်မတော် ထုတ်ပြန်ချက်တွင် "မတ်လ ၉ ရက်နေ့က ခပရာကျေးရွာတွင် ရုပ်အလောင်းနှစ်ခုအား တွေ့ရှိခဲ့ပြီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များအရ ရုပ်အလောင်းများတွင် ကေအိုင်အေ လက်မောင်းတံဆိပ်ပါ စစ်စိမ်းရောင် အင်္ကျီကိုဝတ်ဆင်ထားပြီး ဦးနော်ဆန်းအလောင်းသည် ပြင်းထန်စွာပေါက်ကွဲစေတတ်သည့် လက်နက်ကြောင့် ဦးခေါင်းအပိုင်းပိုင်းကျိုးကြေသေဆုံးရခြင်းဖြစ်ကြောင်းနှင့် ဦးဖော်ဂန်ယော်သည် သေနတ်ကျည်ဆံကြောင့်နောက်စေ့ပွင့်ထွက်ဒဏ်ရာနှင့် သေဆုံးခြင်းဖြစ်သည်"ဟု ပါရှိသည်။



တပ်မတော်က ယင်းတို့စစ်ဆေးတွေ့ရှိချက်များကို ထုတ်ဖော်သည်မှာ သေဆုံးသည့် အမျိုးသားနှစ်ဦးသည် ကေအိုင်အေတပ်ဖွဲ့ဝင်ဖြစ်ကြောင်းနှင့် အနီးကပ်ပစ်ခတ်လုပ်ကြံခံရခြင်းမဟုတ်ဘဲ တိုက်ပွဲဖြစ်ပွားစဉ် အတွင်း ကျည်ဆံထိမှန်သေဆုံးခဲ့ခြင်းဖြစ်ပြီး တပ်မတော်စစ်ကြောင်းအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းများ (ROE- Rules Of Engagement)အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ယင်းနယ်မြေသည် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် သွားလာခြင်းမပြုရန် ကန့်သတ်ထားသည့် နယ်မြေဖြစ်ကြောင်း၊ အသက် ၆၆ နှစ်အရွယ် ဦးဖော်ဂန်ယော်နှင့် အသက် ၃၀ အရွယ် ကိုနော်ဆန့်တို့သည် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ခပရာကျေးရွာမှ ကျွဲနွားများကို အစာသွားကျွေးရင်း တပ်မတော်စစ်ကြောင်းနှင့်တွေ့ရှိခဲ့ပြီးနောက်ပိုင်းတစ်လကျော် ပျောက်ဆုံးနေခဲ့ခြင်းဖြစ်ကြောင်း၊ မတ်လ ၈ ရက်နေ့တွင်မြှုပ်နှံထားသည့်ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မှ စတင်ကာ မိုင်းခေါင်ကျေးရွာအနီး တစ်ဝိုက်ရှိ ကျေးရွာများတွင် ပျောက်ဆုံး/သတ်ဖြတ်ခံရသူ ၁၃ ဦးရှိခဲ့ပြီး ၁၃ ဦးအနက် အမျိုးသမီးတစ်ဦးလည်း ပါဝင်ကြောင်း၊ လက်ရှိအချိန်အထိ ၁၁ ဦးကို ရှာဖွေတွေ့ရှိထားပြီး ယင်းအမျိုးသမီးနှင့် အမျိုးသားတစ်ဦးသည် ယနေ့အထိရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)


## မြစ်ကြီးနာဂျာနယ်မှာ ကြော်ငြာပါ

လူကြီးမင်းတို့၏ အမည်ပြောင်းကြော်ငြာများ ၊ ပစ္စည်းပျောက်ကြော်ငြာများ၊ မွေးနေ့ဆုတောင်းများကို မြစ်ကြီးနားသတင်းဂျာနယ်မှာ ထည့်သွင်းကြော်ငြာနိုင်ပါသည်။ စာစောင်ပေါ်တွင် သင့်တင့်သော ဈေးနှုန်းဖြင့် အခပေးကြော်ငြာ ရုံဖြင့်စာဖတ်ပရိသတ် ၅သိန်းနီးပါးရှိသော Myitkyina News Journal Facebook Page တွင်အခမဲ့ ကြော်ငြာပေးသွားမည်ဖြစ်သည်။

**ဆက်သွယ်ရန်**

ဖုန်း - ၀၉-၄၀၀၀၁၂၁၉၃၊ ၀၉-၄၀၀၀၄၈၆၈၀
Email: myitkyinajournal@gmail.com


## Editorial
### အယ်ဒီတာ့အာဘော်

# စည်းလုံးညီညာခြင်းကြောင့် အောင်ကြောင်းတွေ ဝေဖြာစေ

ကချင်ပြည်နယ်အခြေစိုက်ပါတီ ၄ ခု ပေါင်းစည်းလိုက်ပြီဆိုတဲ့သတင်းက ကချင်ပြည်နယ်သားတွေကို ခွန်အားဖြစ်စေခဲ့တယ်ဆိုပြီး ဒေသခံတွေက ကြိုဆိုကြပါတယ်။

နဂိုက သူတစ်လူငါတစ်မင်း ဖွဲ့စည်းခဲ့တဲ့ပါတီတွေကို ဦးဆောင်သူတွေက မာန်မာနကိုယ်စီ လျှော့ချပြီး ပြည်သူ့အလိုဆန္ဒအတိုင်း စုပေါင်းလိုက်ဖို့ ကာလအတန်ကြာ ညှိနှိုင်းပြီး တူညီတဲ့ ရည်ရွယ်ချက်တွေနဲ့ စုဖွဲ့နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူစရာပါပဲ။

ပေါင်းစည်းလိုက်တဲ့ ပါတီတွေထဲမှာ ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်က ဖွဲ့စည်းခဲ့တဲ့ ဒေါက်တာတူးဂျာရဲ့ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ ဦးအောင်ခမ်းရဲ့ ကချင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ၁၉၉၀ ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့ဖူးတဲ့၊ လက်ရှိ ဒေါက်တာ M ကောန်လ ဦးဆောင်နေတဲ့ ကချင်အမျိုးသားများကွန်ဂရက်ပါတီ(KNC)ရော၊ ၂၀၁၀ ရွေးကောက်ပွဲတုန်းက နေရာရခဲ့တဲ့ ဦးခက်ထိန်နန်ရဲ့ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ(မနောတိုင်ပါတီ)တို့ ပါဝင်ပါတယ်။ သူတို့ လေးပါတီပေါင်းကို ကချင်ပြည်နယ်ပါတီ(Kachin State Party)လို့ အမည်ပေးထားပြီး အလံနဲ့ အမှတ်တံဆိပ်တွေကိုလည်း ရွေးချယ်နိုင်ခဲ့ပါပြီ။

၂၀၁၅ ရွေးကောက်ပွဲတုန်းက ရလိုက်တဲ့ အတွေ့အကြုံအရ ပေါင်းစည်းဖို့ ဆုံးဖြတ်ခဲ့ကြတာလား၊ ပါတီတွေ မပူးပေါင်းရင် ဘယ်ပါတီကိုမှ မဲမထည့်ဘူးလို့ တပ်လှန့်လိုက်တဲ့ ဒေသခံတွေရဲ့ တွန်းအားကြောင့်လား။ ဘာကြောင့်ပဲဖြစ်ဖြစ် တစ်ကွဲတပြားစီဖြစ်နေတာထက်စာရင် ပေါင်းစည်းလိုက်ခြင်းက ခွန်အားကိုဖြစ်စေမယ်လို့ မြစ်ကြီးနားသတင်းဂျာနယ်က ယုံကြည်ပါတယ်။

ရည်ရွယ်ချက်ချင်းတူညီသူတို့အတွက် ၂၀၂၀ မှာ ပူးပေါင်းတိုက်စစ်ဆင်မှ ပန်းတိုင်တစ်ခုကို ရောက်မှာပါ။ သို့ပေသိ နယ်ပယ်အသီးသီးကို လွှမ်းမိုးဖို့ကတော့ လေးနက်တဲ့ မဟာဗျူဟာတွေ ခင်းကျင်းကြရပါလိမ့်ဦးမယ်။ မမျှတတဲ့ လူဦးရေအချိုးနဲ့ နယ်ပယ်အသီးသီးကို လွှမ်းခြုံနိုင်ဖို့အတွက်တော့ အဟန့်အတား ဖြစ်နေဦးမှာပါ။

ဒါကြောင့် ဒေါက်တာတူးဂျာက ကချင်ပြည်နယ်အကျိုးလိုလားတဲ့ ကချင်ပြည်နယ်သားတွေ သူတို့နဲ့အတူ ပူးပေါင်းဖို့ ကမ်းလှမ်းခဲ့ပါတယ်။

အရင်အစိုးရက ဝန်ကြီးချုပ်ဟောင်း ဦးလဂျွန်ငန်ဆိုင်း ပြောခဲ့တဲ့ "ကချင်ပြည်နယ်မှာ မွေး၊ ကချင်ပြည်နယ်မှာ ကြီးခဲ့တဲ့ ကျွန်တော်က ကချင်ပြည်နယ်ကောင်းအောင် မလုပ်ရင် ဘယ်သူတွေကို ကောင်းအောင် သွားလုပ်ပေးရမလဲ . . "ဆိုတဲ့စကားလို ကချင်ပြည်နယ်ကြီး အမှန်တိုးတက်ဖို့အတွက်ဆိုရင် အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်တဲ့ ပါတီတွေကို လက်ရှောင်ပြီး အပြောနဲ့အလုပ်ညီမယ့်ပါတီတွေကိုလာမယ့် ၂၀၂၀ မှာရွေ့တန်းတင်ရတော့မှာပါ။

လာမယ့် နိုဝင်ဘာလမှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ မှတ်ပုံမတင်ရသေးတဲ့ ကချင်ပြည်နယ်ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရဦးမှာမဟုတ်ပါဘူး။ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ သူတို့ထဲက KDP ဥက္ကဋ္ဌ ဦးအောင်ခမ်း(ခေါ်) ဦးအောင်ဝါက မြစ်ကြီးနားမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မှာပါ။

ကချင်ပါတီတွေက ပြည်သူ့တစ်မျက်နှာကိုပဲကြည့်ပြီး ပေါင်းစည်းလိုက်တာဆိုတော့ ပြည်သူကလည်း စည်းလုံးခြင်းက အမှန်တကယ်ခွန်အားဖြစ်စေတဲ့အကြောင်း ပြန်လည်သက်သေပြဖို့ လိုပါပြီ။

ယခုလို မာန်မာန တွေကိုယ်စီ လျှော့ချပြီး၊ ပါတီတွေကိုယ်စီ ဖျက်သိမ်းလို့ စည်းလုံးညီညာကြတဲ့အတွက် လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာအမှန်တကယ် အောင်မြင်ခြင်းတွေ ဝေဖြာပါစေကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# NLD ပါတီမှ ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်း၏ ကိုယ်ရေးအချက်အလက်အကျဉ်း

နိုဝင်ဘာ ၃ ရက်နေ့မှာ ကျင်းပမယ့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိုယ်စားလှယ် ၆ ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့၊ ကချင်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ခမ်း၊ တစ်သီးပုဂ္ဂလ ဒေါက်တာသန်းထိုက်ဦး၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှ ဒေါ် MD ခေါ်ညွယ်တို့ ဖြစ်သည်။

၎င်းတို့ ၆ ဦး အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၏ ကိုယ်ရေးအချက်အလက်အကျဉ်းကို ဖော်ပြပေးလိုက်ပါသည်။ လာမည့် အပတ်များတွင်လည်း ကျန်ရှိကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအကျဉ်းများကို မြစ်ကြီးနားသတင်းဂျာနယ်က ထပ်မံဖော်ပြသွားပါမည်။



၁။ အမည် - ဒေါ်ယမ်ခေါန်
၂။ ပါတီဝင်အမှတ် - ၁/၁၅/၀၀၁၁၃၆
၃။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် - ၁/မကန(နိုင်) ၀၂၉၇၂၉
၄။ အဘအမည် - ဦးလထွယ်
၅။ အဘ၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် - SLM ၀၇၁၈၁၄
၆။ အမိအမည် - ဒေါ်ဇိန်ထုံးလု
၇။ အမိ၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် - As - ၀၄၆၈၁၉
၈။ မွေးသက္ကရာဇ် - ၁၇. ၁၀. ၁၉၅၈
၉။ လူမျိုး ကိုးကွယ်သည့်ဘာသာ - ကချင်။ ခရစ်ယာန်
၁၀။ ပညာအရည်အချင်း - B.EAD (စနစ်သစ်) ရန်ကုန်ပညာရေးတက္ကသိုလ်
၁၁။ အလုပ်အကိုင် - ကျောင်းဆရာမ(ငြိမ်း)
၁၂။ ခင်ပွန်း၏အမည် - ဦးမရန်ဘောက်လာ(ကွယ်လွန်)
၁၃။ ခင်ပွန်း၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် - ၁/မကန(နိုင်) ၀၉၄၅၈၃
၁၄။ အဖွဲ့ချုပ်သို့ ဝင်ရောက်သည့်ခုနှစ် - ၂၀၁၅
၁၅။ လုပ်ကိုင်ခဲ့သောအလုပ်များ
က။ ၁၉၈၁-၁၉၈၂ ထက်/ပြ အလက(၂)၊ မိုးကောင်း၊
ခ။ ၁၉၈၂ - ၁၉၉၂ အထက်တန်းပြ အ. ထ. က (၅) မြစ်ကြီးနား။
ဂ။ ၁၉၉၂ - ၂၀၁၂ အထက်တန်းပြ/တာဝန်ခံ ကျောင်းအုပ် အထက (၂) မြစ်ကြီးနား။
ဃ။ ၂၀၁၈ - ဥက္ကဋ္ဌ၊ ရပ်/ကျေး အမျိုးသမီးရေးရာ ၊ ကချင်စုရပ်ကွက်။
- ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲကာလတွင် မြစ်ကြီးနားမြို့နယ် အတွင်းပါတီအောင်နိုင်ရေးအတွက် စည်းရုံးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ပါသည်။
- ကချင်စု ရပ်/ကျေး အမှုဆောင် ဖြစ်မြောက်ရေးအတွက် မိမိနေအိမ်တွင် စည်းရုံးဖွဲ့စည်းခဲ့ပါသည်။
- ရပ်/ကျေး အမျိုးသမီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်လျက်ရှိပါသည်။
- ခင်ပွန်းဖြစ်သူ ဦးမရန်ဘောက်လာ သည် ဒီမိုကရေစီ လှုပ်ရှားမှုကို အားပေးထောက်ခံခဲ့သူတစ်ဦးဖြစ်သည်။
- မြန်မာနိုင်ငံ ကချင်(မူရင်း) နှစ်ခြင်းခရစ်ယာန် (KBBC)တွင် Religious Education (RE) ပညာရေးတွင် ဘာသာပြန်ခြင်း၊ Sunday school lesson ရေးသားခြင်း/သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။
- မြစ်ကြီးနားမြို့ ၂၀ ရာစုပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲတွင် ကချင်တိုင်းရင်းသားများကိုယ်စား ထောက်ခံကြိုဆိုအမှာစကားပြောကြားခဲ့ပါသည်။

Salai

# အော်ရာယန် စားကျက်မြေကို ဝက်မွေးမြူရန်ငှားရမ်းတော့မည်မဟုတ်ဟုဆို

ဝိုင်းမော်၊ ဩဂုတ် ၁၇

ဝိုင်းမော်မြို့နယ်၊ အော်ရာယန်ကျေးရွာမှ ဒေသခံတောင်သူများ ကျွဲ၊ နွားထိန်းကျောင်းရန် ဘုံစားကျက်မြေအဖြစ် သတ်မှတ်ထားသည့် နေရာကို ဦးယိန်းဘောမ်ဆိုသူက ဝက်မွေးမြူမည့်သူထံ အငှားချထားမည့်ကိစ္စကို ဒေသခံများသဘောမတူသည့်အတွက် ဆက်လက် ဆောင်ရွက်တော့မည်မဟုတ်ကြောင်း ဝက်မွေးမြူရန် မြေငှားရမ်းသူ ဦးစိန်ဝင်းက ပြောသည်။

"ကျွန်တော်တို့က ငှားလည်းမငှားသေးပါဘူး။ မြေတိုင်းဖို့ ခြုံသွားခုတ်တဲ့ အဆင့်ပဲရှိသေးတယ်။ ပြီးတော့ ကုန်ကျစရိတ်တွက်ကြည့်တော့ အရမ်းများလို့ မလုပ်တော့ဘူး။ ရွာသားတွေကလည်း ကန့်ကွက်တဲ့အတွက် မလုပ်တော့ပါဘူး"ဟု မြေငှားရမ်းမည့် ဦးစိန်ဝင်းက ပြောသည်။

အဆိုပါစားကျက်မြေများ အနက် ၂၇ ဧကသည် ယင်းကျေးရွာသားဖြစ်သူ ဦးယိန်းဘောမ်က မိမိဘိုးဘွားများလုပ်ကိုင်ခဲ့သည့် လယ်ဟောင်းဖြစ်ကြောင်းပြောဆိုကာ စားကျက်မြေအတွင်းဝင်ရောက်၍ မြေဧရိယာကိုတိုင်းယူကာ တရုတ်ဝက် မွေးမည်ဟုဆိုသည့် မြန်မာနိုင်ငံသား တရုတ်လမျိုးအား ငှားရမ်းပေးရန် ဖြစ်သော်လည်း မငှားရမ်းဖြစ်ခဲ့ကြောင်း သိရသည်။

စားကျက်မြေဧရိယာကို ဒေသခံတောင်သူများ အနေဖြင့် တိုင်းတာထားခြင်းမရှိသည့်အတွက် ဧကမည်မျှရှိကြောင်း မသိသည့်အပြင်ယင်းမြေကို ကျေးရွာပိုင်ဘုံစားကျက်မြေ အဖြစ်သတ်မှတ်ထားသော်လည်း သက်ဆိုင်ရာမှ ပြေစာသို့မဟုတ် ပုံစံ ၇ တို့ကို ရရှိထားခြင်းလည်း မရှိကြောင်းသိရသည်။

ယင်းစားကျက်မြေကို လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က ရာဘာစိုက်ပျိုးရေးစီမံကိန်းဖြင့် ဝင်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များလက်မှ ကျေးရွာတောင်သူများအားလုံး စည်းလုံးညီညွတ်မှုဖြစ် ပြန်လည်လုယူထားသောမြေ ဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ပိုင်အဖြစ် သတ်မှတ်ထားခြင်းမရှိဘဲ ဘုံစားကျက်မြေအဖြစ် ထားသောမြေဖြစ်ကြောင်း ဒေသခံများက ပြောသည်။

အော်ရာယန်ကျေးရွာအပြင် အခြားလွဲကျော်၊ ဝေဘာ၊ ဝါရှောင်စရှိသည့် ကျေးရွာများမှလည်း လာရောက် ကျွဲ၊ နွားများ လွှတ်ကျောင်းသည့် နေရာဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်




## အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(B1)တွင် တက်ရောက်နေသည့် တပ်ကုန်းရပ်ကွက်၊ ငွေချန်းရပ်၊ အိမ်အမှတ် ၁၂၁ မှ ဦးအထွီးချေနှင့် ဒေါ်အေးခင်ညိုတို့၏ သားဖြစ်သူ မောင်နေအောင်လင်း၏ ကျောင်းမွေးသက္ကရာဇ် မြန်မာသက္ကရာဇ် ၁၃၆၃၊ တန်ခူးလဆန်း ၇ ရက်ကိုခရစ်သက္ကရာဇ် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက် ဟု အစားထိုးပြင်ဆင်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တရားရေးမဏ္ဍိုင်အထက်တွင် တစ်စုံတရာလွှမ်းမိုးမှုရှိနေဟု ဦးဇော်ဂျတ်သုံးသပ်

ဩဂုတ် ၁၇

ဧပြီလအတွင်းက တနိုင်းနှင့် ကာမိုင်းမြို့နယ်မှ တိုက်ပွဲအတွင်း ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒဖော်ထုတ်ရာတွင် ဦးဆောင်ခဲ့သူသုံးဦးကို မကြာခဏရုံးချိန်းခေါ်ယူနေခြင်းသည် တရားရေးမဏ္ဍိုင်တွင် ဖိအားများရှိနေ၍ဖြစ်မည်ဟု တရားစွဲခံထားရသူတစ်ဦးဖြစ်သည့် ဦးဇော်ဂျတ်က ပြောသည်။

“တရားရေးမဏ္ဍိုင်မှာ လွတ်လွတ်လပ်လပ်လုပ်မယ်ဆို ဒီကိစ္စက စောစောစီးစီးပြီးပြတ်တဲ့ အနေအထားမှာ ရှိပါတယ်။ ဘာလို့လဲဆိုရင် သူတို့သက်သေတွေ ပြောဆိုချက်အရ တရားလိုဘက်က ပြောဆိုချက် ထွက်ဆိုချက်တွေ ကြည့်မယ်ဆိုရင်ဒီအမှုကို ပလပ်သင့်တဲ့အမှုလို့မြင်တယ်။ ပြီးတော့ သူတို့ပြောဆိုချက်တွေက တိကျခိုင်မာတဲ့ အနေအထား ဘာမှမရှိဘူး။ အဲ့ဒါကို ကျွန်တော်တို့ကို တစ်ပတ်တစ်ခေါက် နှစ်ပတ်တစ်ခေါက် ရုံးချိန်းတဲ့အပေါ်မှာက တရားရေးမဏ္ဍိုင်မှာ ဖိအားတွေအများကြီး ရှိနေတယ်ဆိုတာ သုံးသပ်မိတယ်။ မြန်မာနိုင်ငံရဲ့ တရားရေးမဏ္ဍိုင်က မျှတမှုမရှိဘူးဆိုတာကိုပြောချင်တယ်”ဟု ဦးဇော်ဂျတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

၎င်းတို့သုံးဦးကို ဩဂုတ်လ ၁၃ ရက်နေ့က သက်သေများ စစ်ဆေးရန် ရုံးချိန်းခဲ့ပြီး တရားလိုသက်သေဘက်မှ ခွင့်ယူထားခြင်းကြောင့် ဩဂုတ်လ ၂၀ ရက်တွင် ထပ်မံရုံးချိန်းခဲ့ကြောင်း သိရသည်။

ဆန္ဒပြဦးဆောင်သူများဖြစ်သည့် ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့သည် ဆန္ဒပြရာတွင် တပ်မတော်ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြောဆိုခဲ့သည်ဟုဆိုကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးကတရားလိုပြု၍ အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

“သူ (တရားလို) မလာတာနှစ်ခေါက်သုံးခေါက်ရှိပြီ။ သူ့ရဲ့ကိုယ်စားပဲလွှတ်လိုက်တဲ့ အနေအထားမှာရှိတယ်။ တမင်သက်သက်ကို သူတို့ ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့ အနေအထားမှာ ရှိတယ်လို့သုံးသပ်တယ်။ လုပ်ချင်သလိုလုပ်လို့ရတယ်ပေါ့။ အမှန်ဆို တရားသူကြီးက တပ်ကဖိအားပေးထားသလို ကျွန်တော်ကတော့ မြင်တယ်”ဟု ဦးဇော်ဂျတ်ကပြောသည်။

ထို့အပြင် သက်သေများ၏ ထွက်ဆိုချက်အရလည်း တိကျသော သိမြင်ခြင်းမျိုးမရှိကြောင်း ၎င်းကထပ်မံပြောဆိုသည်။

“သူတို့ သက်သေတွေ စစ်ဆေးတာ ကြည့်ခြင်းအားဖြင့် သူတို့သိတယ်၊ မြင်တယ်။ ကျွန်တော်တို့ကိုလည်း သိတယ်။




အပြင်မှာလည်း တွေ့ဖူးတယ်ဆိုတာလည်းမရှိဘူး။ သူတို့ Facebook နေတစ်ဆင့် သိရတယ်ကြားရတယ် သိရတယ်ဆိုတဲ့အနေအထားမှာပဲ ရှိတယ်”ဟု ဦးဇော်ဂျတ်က ပြောသည်။

၎င်းတို့ ၃ ဦး၏ အမှုကို ချေဖျက်ပေးရန်အတွက် ဇူလိုင် ၃ ရက်နေ့က ပြည်နယ်တရားလွှတ်တော်သို့ တင်ပြခဲ့သော်လည်း ပြည်နယ်တရားလွှတ်တော်က ဇူလိုင်လ ၉ ရက်နေ့တွင် မြို့နယ်တရားရုံးသို့ ပြန်ချပေးခဲ့သည်။

ကိုဇော်ဂျတ်နှင့် ဒေါ်နန်ပူကို မေလ ၁ ရက်က တိုက်ပွဲအတွင်း ပိတ်မိပြည်သူများနှင့် ပတ်သက်၍ မနောင်ကွင်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ၌ ပြောဆိုချက်များအရ စွဲဆိုထားခြင်းဖြစ်ပြီး ကိုလွမ်းဇောင်းကိုမူ ဆန္ဒထုတ်ဖော်သည့် အချိန်တွင်ပြောဆိုမှုများကြောင့် စွဲဆိုခြင်းဖြစ်သည်။

ဩဂုတ်လ ၂၀ ရက်တွင် ၎င်းတို့အား ရုံးချိန်း ထပ်မံချိန်းဆိုထားပြီး ယင်းနေ့တွင် တရားလို သက်သေ ၄ ဦးအနက်မှ ကျန်တစ်ဦးကို စစ်ဆေးသွားမည်ဟု ဦးဇော်ဂျတ်ထံမှ သိရသည်။

Salai

# မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူလူငယ်အစည်းအဝေး မြစ်ကြီးနားတွင်ကျင်းပ




ဩဂုတ် ၁၇

လီဆူတိုင်းရင်းသား လူငယ်များအနေဖြင့် စာပေနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတတ်စေရန်နှင့် သက်ဆိုင်ရာ လူမှုရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင် စိတ်ဝင်စားမှုရရှိလာစေရန်အတွက် ပထမကြိမ် မြန်မာနိုင်ငံ လီဆူလူငယ်အစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ လီဆူရိုးရာကွင်းတွင် ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ နှစ်ရက်တိုင် ကျင်းပခဲ့သည်။

လီဆူလူငယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍအသီးသီးတွင် ပါဝင်လာရန် ယင်းအစည်းအဝေးတွင် လူငယ်ခေါင်းဆောင်များ ရွေးချယ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

“လူငယ်တွေဆိုတာ အနာဂါတ်ရဲ့ မျိုးဆက်သစ်ခေါင်းဆောင်တွေပါ။ သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ လူငယ်တွေ ဦးဆောင်နိုင်အောင်လို့ အခုလို ညီနှိုင်းအစည်းအဝေးကို လုပ်ရတာပါ။ တစ်နိုင်ငံလုံးက လူငယ်ခေါင်းဆောင်တွေကို ရွေးထုတ်သွားမှာပါ”ဟု မြန်မာနိုင်ငံလီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအားဖူမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းအစည်းအဝေးသို့မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်အသီးသီးမှ လီဆူလူငယ်အယောက် ၁၀၀ ခန့်တက်ရောက်ခဲ့ကြပြီး လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို အတူတကွ လုပ်ဆောင်နိုင်ရန် တက်ရောက်ရခြင်း ဖြစ်ကြောင်းလည်း ပူတာအိုမြို့နယ်မှ တက်ရောက်သူ ကိုဂျေဖာဆဲက ပြောသည်။

“ကျွန်တော်တက်ရတဲ့အကြောင်းကတော့ မြန်မာပြည်အနှံ့မှာနေကြတယ်ပေါ့နော်။ ကချင်ပြည်နယ်မှာ နေတဲ့သူက ကယားပြည်နယ်က သူကို မသိဘူး။ အဆက်အသွယ်ပြတ်နေကြတယ်။ အဲဒီအခါကျတော့ တွေ့ဆုံနိုင်ဖို့၊ ပူးပေါင်းဆောင် ရွက်နိုင်ဖို့ပါ”ဟု ကိုဂျေပါဆဲက ပြောသည်။

လာမည့် ဒီဇင်ဘာလအရောက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူလူငယ်ညီလာခံကြီးကျင်းပသွားမည် ဖြစ်ကြောင်းသိရပြီး မြန်မာတစ်နိုင်ငံလုံးတွင် လီဆူလူမျိုး ၆ သိန်းခန့်ရှိကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)၊Ann

# မြစ်ကြီးနား – ဟိုကပ် – ဆင်ဘို – တာလောကြီးလမ်းပေါ်က ကွန်ကရစ်တံတား ရေတိုက်စားမှုကြောင့် ပြိုကျလုနီးပါးဖြစ်နေ



မြစ်ကြီးနား၊ ဩဂုတ် ၁၆

မြစ်ကြီးနားမြို့နယ် ဟိုကပ်ကျေးရွာအုပ်စု၊ အေးသာယာရွာအဝင် ရွာဦးချောင်း တံတားမှာ ရေတိုက်စားမှုကြောင့် ပြိုကျလုနီးပါးဖြစ်နေ၍ ဖြတ်သန်းသွားလာရေးအတွက် ဒေသခံများစိုးရိမ်နေကြောင်း သိရသည်။

ယခုလဆန်းပိုင်းမှစ၍ မိုးများပြီး လမ်းပေါ်ရေကျော်တိုက်စားခြင်းကြောင့် အဆိုပါတံတား ယခုကဲ့သို့ ပျက်စီးနေခြင်းဖြစ်ကြောင်း ဒေသခံဦးအောင်ဝင်းက ပြောသည်။

“ဒီရွာမှာ ဒီတံတားတစ်ခုပဲရှိတယ်၊ လမ်းကလည်း ဒီလမ်းပဲရှိတာပါ၊ တခြားလမ်းဆိုလည်း မြစ်ပဲရှိတော့တယ်၊ ဒီတံတား အခုလိုပျက်နေတာ ဒီမိုးတွင်းတောင်ကျော်နိုင်ပါ့မလား”ဟု ဦးအောင်ဝင်းက ပြောသည်။

ထိုတံတားပေါ်တွင် တစ်တန်ထက်ကျော်လွန်သည့် ယာဉ်များဖြတ်သန်းခြင်း မပြုရန် သတိပေးဆိုင်းဘုတ် စိုက်ထူထားသဖြင့် ခရီးသည်များ အကန့်အသတ်ဖြင့် တင်နေရသည်ဟုလည်း ယာဉ်မောင်း ဦးအောင်ဝင်းက ပြောသည်။

“ကားက အဲဒီနေရာရောက်ရင် သတိထားရပြီ၊ ဘာဖြစ်လို့လဲဆိုရင် တံတားလမ်းက ဘယ်တစ်ဘက် ညာတစ်ဘက်ပြိုထားတော့ ကားထဲမှာ ကျွန်တော်အပါအဝင် ၁၀ ယောက်တောင် မစီးကြပါဘူး”ဟု ဦးအောင်ဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပြိုကျလုနီးနီးဖြစ်နေသည့် အဆိုပါတံတားနဲ့ပတ်သက်ပြီး မြစ်ကြီးနားမြို့နယ် လမ်းတံတားဦးစီးဌာနက အန္တရာယ်သတိပေးဆိုင်းဘုတ် လာရောက် စိုက်ထူသတိပေးမည်ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားထားကြောင်း ဟိုကပ်အုပ်ချုပ်ရေးမှူး ဦးဂျော်လီဆွေမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောကြားသည်။

Ah Je

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( ဩဂုတ် ၂၀ ၊ ၂၀၁၈ )

# လီဒိုလမ်းမကြီးနဲ့ ကချင်ပြည်နယ်ရဲ့ ပထဝီနိုင်ငံရေး

M. ကောန်လ

ကချင်ပြည်နယ်ဟာ ယနေ့မှမဟုတ် ဒုတိယကမ္ဘာစစ်ကတည်းက ပထဝီနိုင်ငံရေးအရေးပါခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ မှာ မြန်မာပြည်က ဗြိတိသျှတို့ ဆုတ်ခွာခဲ့ရပြီး အိန္ဒိယဆက်မကျအောင် တရုတ်-မြန်မာ-အိန္ဒိယ ကုန်းတွင်းစကြံန်ကနေ ကာကွယ်ဖို့ မဟာမိတ်တပ်တွေ စဉ်းစားခဲ့တယ်။

ဗြိတိသျှတွေကအဆိုပြုခဲ့တာဖြစ်ပြီး မဟာမိတ်တပ်တွေရဲ့ခေါင်းဆောင် (အိန္ဒိယနဲ့ တရုတ် ) အမေရိကန်ဗိုလ်ချုပ် Joseph.Warren.Stiwell က တာဝန်ယူ အကောင်အထည်ဖေါ်ခဲ့တယ်။ စတာက အာသံပြည်နယ် အိန္ဒိယကစတယ်။ ပြီးတော့ ကချင်ပြည်နယ်က ရှင်ဗွေယန်-ဟူးကောင်း ချိုင့်ဝှမ်း၊ မိုးကောင်းလွင်ပြင်၊ မြစ်ကြီးနား၊ ဗန်းမော် အဲဒီကနေ တရုတ်ပြည် ထိန်ချုံး၊ ကူမင်း၊ ဂူယန်း၊ ချန်ကျင်းအထိ တရုတ်ကုန်းတွင်းပိုင်းအထိ မိုင်ပေါင်း ၁၀၇၉ မိုင် ရှည်တယ်။

၁၉၄၂ ဒီဇင်ဘာက စဖောက်တယ်။ ဖောက်လုပ်တဲ့တပ်က SOS တပ်က အမေရိကန်ဗိုလ်မှူးချုပ် Raymond A Wheeler ဦးဆောင်တဲ့ စစ်အင်ဂျင်နီယာတပ်က ဖောက်လုပ်တယ်။ တစ်နှစ်အကြာမှာ ၁၉၄၃ ဒီဇင်ဘာ ၂၇မှာ ကချင်ပြည်နယ် ရှင်ဗွေယန်ကို ရောက်လာတယ်။

၁၉၄၄ နှောင်းပိုင်းမှာ မြစ်ကြီးနားရောက်တယ်။ ၁၉၄၄ ဩဂုတ်လ၃ရက်မှာ ဒုဗိုလ်မှူးကြီး Frank D Merill ရဲ့ တောတွင်း ကွန်မန်ဒိုတပ်တွေနဲ့ ကချင် Ranger, Levee တပ်တွေ မြစ်ကြီးနားကို သိမ်းပြီးဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အရှေ့တောင်အာရှ စစ်ပွဲအဆုံးအဖြတ်ဟာ မြစ်ကြီးနားတိုက်ပွဲလို့တောင် ပြောရင်ရတယ်။ အဲဒီကနေ ဂျပန်တွေ အဆုတ်ကြီးဆုတ်လာတာ နောက်ဆုံးမြန်မာစစ်မြေပြင်က အပြီးတိုင်ဆုတ်ရတယ်။ ဒီလိုနဲ့ လီဒိုလမ်းမကြီးဟာ တရုတ်ဘက်အခြမ်း ကူမင်းအထိ ၁၉၄၅ ဖေဖော်ဝါရီလ ၄ ရက်မှာ ဖောက်လုပ်ရောက်ရှိလာတယ်။ စုစုပေါင်း ၂ နှစ်နဲ့ ၂ လပဲကြာတယ်။

ဂျပန်ကို စစ်အောင်နိုင်ရတဲ့အကြောင်းရင်းကလီဒိုလမ်းမကြီးက အသက်ဖြစ်ခဲ့တယ်။ တရုတ် ချန်ကေရှိတ်ကူမင်တန်တပ်တွေကိုလည်း အများကြီးအကူအညီပေးနိုင်ခဲ့တယ်။အဲဒီတုန်းက ကချင် Levee နဲ့ Ranger တပ်တွေ ကချင်လူထုရဲ့ ဂျပန်တော်လှန်ရေးအခြေအနေနဲ့ လီဒိုလမ်းမကြီး ဖောက်လုပ်ခဲ့တဲ့ အရှည်ဆုံးလမ်းပိုင်းဖြစ်တဲ့ ကချင်ပြည်နယ်ထဲက အခြေအနေတွေဟာစစ်ရေး ပထဝီအပြောင်းအလဲကိုကြီးစွာအထောက်အကူ ဖြစ်စေခဲ့တယ်။




လီဒိုလမ်းမကြီးကို ဦးဆောင်ဖေါက်ခဲ့သူ မဟာမိတ်တပ် မှ စတီးဝဲလ်



ဂျပန်လက်အောက်ကျရောက်ထားတဲ့ မူလ မြန်မာလမ်း ရန်ကုန် မန္တလေး လားရှိုး နဲ့ လီဒိုလမ်းချိတ်ဆက်မှု



အိန္ဒိယ လီဒို ကစလိုက်တာ ကချင်ပြည်နယ် တနိုင်း ဟူးကောင်း ကိုဖြတ် မြစ်ကြီးနား ဗန်းမော်ကတစ်ဆင့် တရုတ် ဝမ်တိန် ကူမင်း နဲ့ အတွင်းပိုင်း မြို့ ချန်ကျင်းအထိ , ဒ့ါအပြင် ဗီယက်နမ် ဟနိုင်အထိ ချိတ်ဆက်လမ်းကြောင်း



အိန္ဒိယ အာသံ ပြည်နယ်မှ တရုတ်ကူမင်းအထိ လေကြောင်းပို့ဆောင်ရေးလမ်းနှင့် မြန်မာပြည်ဖြတ် ကုန်းတွင်း လမ်းကြောင်း

ဗြိတိသျှတို့နဲ့ အမေရိကန်မဟာမိတ်တပ်တွေအတွက် ကချင်ပြည်နယ်ရဲ့ ပထဝီနိုင်ငံရေး အချက်အချာကျခဲ့တယ်။

ဒီနေ့ ၂၁ ရာစုခေတ်ရောခေတ်သစ်လီဒိုလမ်းမကြီးနဲ့ ကချင်ပြည်နယ်ရဲ့ ပထဝီနိုင်ငံရေး အရေးပါစဲပဲလား. . . ။

ကချင်တွေ ဘယ်လိုဆုံးဖြတ်မလဲ. . . ။

ကချင်ပြည်နယ်ဟာ ကုန်းတွင်းပိတ်ပြည်နယ် ဖြစ်တယ်. . တရုတ်က နယ်နမိတ်အရှည်ဆုံးဖြစ်ပြီး အနောက်ဘက်မှာ အိန္ဒိယရဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး အရှေ့မြောက်ဒေသက ဆက်စပ်နေတယ်။ ဒါကိုပထဝီနိုင်ငံရေးအရ ကချင်တို့ ဘယ်လိုအသုံးချမလဲ. . . ။

ကုန်းဘောင်မင်းဆက်တစ်လျှောက်လုံး ဧရာဝတီမြစ်တစ်လျှောက် ဆန်တက်လာပြီး ဗန်းမော်မြို့ကနေ တရုတ်နဲ့ကုန်သွယ်ခဲ့တယ်။

ဒါဟာ ကချင်တို့ရဲ့ တစ်ခုတည်းသော ပင်လယ်ထွက်ပေါက် ရန်ကုန်အထိ ဧရာဝတီမြစ်ကြောင်းနဲ့ ဆက်စပ်မှုပဲ. . ဒါကို ဗြိတိလျှတွေသိတော့ သီပေါကိုနိုဝင်ဘာလကုန်ပိုင်းမှာ နန်းချပြီးတာနဲ့ ဗန်းမော်ဆိပ်ကမ်းကို ဗြိတိသျှတပ်တွေ ဒီဇင်ဘာလ ၂၉ မှာ ဆိုက်ရောက်လာခဲ့တယ်။

ရန်ကုန် - မန္တလေး- ဗန်းမော် ရေလမ်းကြောင်းနဲ့ ရန်ကုန်- မန္တလေး- လားရှိုး ရထားလမ်းကြောင်းကုန်းလမ်းဆိုပြီး တရုတ်ပြည် အနောက်တောင်တံခါးဝအတွက် လမ်းကြောင်းကြီးနှစ်ခုကို ပင်လယ်ထွက်ပေါက်ကုန်သွယ်ရေး ရန်ကုန်နဲ့ ချိတ်ဆက်တယ်။

ဒါက ဗြိတိသျှတို့အမြင်၊ အဲဒီမှာ ကချင်ပြည်နယ်ဒေသဖြစ်တဲ့ ဗန်းမော်နဲ့ကချင် sub-state လားရှိုး-နမ့်ခမ်းဒေသတွေဟာ ဘယ်လောက် strategic ကျသလဲဆိုတာ မြင်နိုင်တယ်။

ဒါကြောင့် ပင်လုံစာချုပ်ထိုးပြီး ကချင်ပြည်နယ်ဖွဲ့စည်းဖို့လုပ်တော့ ဗန်းမော်-ရွှေကူဒေသအထိ ကချင်ပြည်နယ်ထဲသွတ်သွင်းဖို့ ဗန်းမော်ဘန်ဟုတ်ဒူဝါ ဒူဝါဇော်လွန်တောင်းဆိုခဲ့တာ အမြော်အမြင်ကြီးတယ်လို့ ဆိုရမယ်။ ဒီနေ့ခေတ်သစ်ကချင်လူထုဟာ ဒီအကြောင်းတွေ သိပ်မသိတော့ပါဘူး။

ကချင်ပြည်နယ်ကဘယ်ဒေသတွေဟာ strategic ဖြစ်သလဲ၊ လေ့လာတော့မှ ဆက်စပ်ပြီးသိနိုင်တာမို့ ဘိုးဘေးတို့ရဲ့ အမြင်ကျယ်မှုကို ဖော်ပြရခြင်းဖြစ်တယ်။

ဘာလို့ ဗန်းမော်ဒေသအကြောင်းပြောရသလဲဆိုတော့။ အခုခေတ်သစ် လီဒိုလမ်းမကြီးကိုတရုတ်တွေ OBOR စီမံကိန်းနဲ့အတူ အကောင်အထည်ဖော်လာတော့ ကုန်းလမ်းဟာ အိန္ဒိယကနေ ဗန်းမော်အထိရောက်လာသလို ရေလမ်းကလည်းရန်ကုန်ဆိပ်ကမ်းကနေ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ဆန်တက်လာ တာမို့ မန္တလေးကိုဖြတ်ပြီး ရေလမ်းရောကုန်းလမ်းပါဗန်းမော်မှာလာဆုံနေတယ်။ဒီကမှ မန်-စီ၊ ဝမ်တိန်၊ ကူမင်းဆိုပြီး ခေတ်သစ်တရုတ်တို့ရဲ့ မဟာဗျူဟာကျကျ စီးပွားရေးနိုင်ငံရေးစစ်ရေး ဆုံချက် ချိတ်ဆက်မှုတွေ မြင်လာနိုင်တယ် မဟုတ်လား။

ကျောက်ဖြူကူမင်း၊ ရေနံပိုက်လိုင်း လီဒို၊ တနိုင်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ ကူမင်း၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ ရွှေလီ၊ ကူမင်း အဲဒီလမ်းကြောင်း ၃ သွယ်လုံးဟာ တရုတ်တို့ မြန်မာပြည် OBOR စီမံကိန်းသော့ချက် ဖြစ်နေတယ်။ အဲဒီလမ်းကြောင်းကြီးသုံးသွယ်စီမံချက်နဲ့ ဆုံချက် တရုတ်ကူမင်းနဲ့ ကမ္ဘာ့ဒုတိယလူဦးရေအများဆုံး အိန္ဒိယကိုကုန်းတွင်းလမ်းက ချိတ်ဆက်ရာမှာ ကချင်ပြည်နယ်ကြီးဟာ လီဒိုလမ်းမကြီး ဖြတ်သန်းရာဒေသအဖြစ် အရေးအကြီးဆုံး ဒေသဖြစ်လို့လာပါတော့တယ်။ ဒီတော့ ကချင်တွေဟာ ဒီသဘောတရားကို နားလည်ပြီး ကောင်းကောင်းအသုံးချမလား၊ ဒါမှမဟုတ် နိုင်ငံရေးသုံးသပ်ချက် အားနည်းစွာနဲ့ ကန့်ကွက်ရင်း တဖြည်းဖြည်းဘေးရောက်ကျဆုံးခံမလား၊စဉ်းစားချက် ၂ ခု ရှိလာပါတယ်။

ကချင်ပြည်သူတွေ ဘာကိုရွေးမလဲ။

မဟာအင်အားကြီးတွေအကြား တိုက်စားမျောပါသွားမလား. . . ။

၁၉၄၂ က အမေရိကန်စစ်အင်ဂျင်နီယာတပ်က စဖောက်ခဲ့တဲ့ လီဒိုလမ်းမကြီးဟာ နှစ်ပေါင်း ၇၀ကြာ တောထဲတောင်ထဲ ခြုံပုတ်တွေနဲ့ ပစ်ထားရာက တရုတ်တို့ရဲ့ စီးပွားရေးစစ်ရေးအင် အားကြီးလာတဲ့ အခါ တရုတ်တွေအတွက် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စတဲ့ အရှေ့တောင်အာရှနိုင်ငံများရဲ့ ကုန်းတွင်းပိုင်းတွေနဲ့ တရုတ်ရဲ့အနောက်တောင်ဘက် ကုန်းတွင်းပိတ်ချောင်ကျတဲ့ဒေသတွေ ဖွံ့ဖြိုးအောင် ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ စဉ်းစားလာတဲ့အခါအမေရိကန်ဗိုလ်ချုပ် Stiwell ဖောက်လုပ်ခဲ့တဲ့ အိန္ဒိယနဲ့ဆက်ကြောင်းကြီးကို ဘွားဘွားကြီး သွားတွေ့ပါတော့တယ်။တရုတ်တွေရဲ့ ခုန်ပျံကျော်လွှားရေး မူအရ တိန့်ရှောင်ဖိန် အလွန်ခေတ်မှာ ကြီးမားလှတဲ့ တရုတ်ပြည်ကြီးရဲ့ ပင်လယ်ထွက်ပေါက်ဒေသတွေဖြစ်တဲ့တရုတ်အရှေ့ဘက်ကမ်းရိုးတန်းဒေသ ရှန်ဟဲ၊ ပီကင်း၊ဟောင်ကောင် ဒေသတွေဟာ အလွန်အမင်းဖွံ့ဖြိုးတိုးတက်ခဲ့ပြီး တရုတ်ရဲ့ အနောက်ဖက်နဲ့ အနောက်တောင်ဒေသတွေဟာ ပြတ်ကျန်ခဲ့ပါတယ်။

ဒါကိုကုစားဖို့ တရုတ်တွေရှာဖွေတဲ့အခါ အိန္ဒိယသမုဒ္ဒရာ ပင်လယ်ကမ်းရိုးတန်းအရှည်ကြီးနဲ့ ရေနံနဲ့သဘာဝဓါတ်ငွေ့ထွက်နေတဲ့မြန်မာကို အလိုက်သင့် သွားတွေ့ခဲ့ပါတယ်။

လာအိုနဲ့ကမ္ဘောဒီးယားတို့ထက် ဆက်သွယ်ရပိုနီးပြီး တရုတ်အရှေ့ဘက်ကမ်းရိုးတမ်း ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာကို အနီးဆုံးလမ်းကနေ ချိတ်ဆက်ပေးနိုင်တာကိုလည်းအကင်းပါးတဲ့ တရုတ်တွေသိမြင်ခဲ့ပါတယ်။

ဒီတော့ အိန္ဒိယသမုဒ္ဒရာရယ် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ရယ် အကောင်းဆုံးဆုံချက်ကို ယူနန်နယ်အဖြစ် တရုတ်တို့ ရွေးခဲ့တယ်။

ကူမင်းကို ဗဟိုပြုဖို့ စဉ်းစားခဲ့တယ်။ ဒါကြောင့် ကုန်းတွင်းကွန်ရက်ကို တည်ဆောက်ရာမှာ မြန်မာရဲ့ဗန်းမော်နဲ့ တရုတ် ဝမ်တိန်ကူမင်း၊ တရုတ်ကူမင်း ချင်းရိုင် မန်ဇီနဲ့ ဗီယက်နမ်ရဲ့မြို့တော်ဟန္ဓိုင်း၊ ဒီကမှ တစ်ဆင့် လာအိုရဲ့ ဗီယန်ကျင်း ကမ်ဘောဒီးယားရဲ့ ဖနွမ်းပင် အဲလို အရှေ့တောင်အာရှကုန်းတွင်းဆက်ကုန်သွယ်ရေးလမ်းကြောင်းကြီး တည်ဆောက်ဖို့လုပ်ပါတယ်။

အဓိကကတရုတ်ရဲ့မဖွံ့ဖြိုးတဲ့အနောက်တောင်ဒေသကို အရှေ့တောင်အာရှကုန်းတွင်းပိုင်းဒေသတွေနဲ့ လီဒိုလမ်းမကတစ်ဆင့် ကျားကန်တည်ဆောက်ဖို့ ကြိုးစားတာပဲဖြစ်တယ်။

အိန္ဒိယရဲ့ အာသံမဏိပူရပြည်နယ်တွေနဲ့ ချိတ်ဆက်ပြီး

စာ - ၁၁ သို့ »




**တုတ်ထိုး** - တက်ကုန်ပြီ၊ တက်ကုန်ပြီ။ တိုးတက်သွားပြီ။ တိုးတက်သွားပြီ။
**အိုးပေါက်** - တိုင်းပြည်ကြီး တိုးတက်သွားတာ ပြောတာလား။ မြစ်ရေချောင်းရေ တိုးတက်လာတာ ပြောတာလား။

**တုတ်ထိုး** - တစ်ခုမှ မဟုတ်ဘူး။ ဒေါ်လာဈေးတွေ တက်ကုန်တာပြောတာ။
**အိုးပေါက်** - ဒေါ်လာဈေးတွေ တက်ချင်တက်၊ ချဉ်ပေါင်ဈေး၊ ကန်စွန်းရွက်ဈေးတွေ မတက်ဖို့က ပိုအရေးကြီးတယ်။

**တုတ်ထိုး** - ဟဲဟဲဟဲ။ ဒေါ်လာဈေးတွေ တက်တော့ ချဉ်ပေါင်ဈေး ကန်စွန်းရွက်ဈေးတွေ မတက်ဘူးမထင်နဲ့။ အကုန်ဈေးတက်ကုန်ပြီ။
**အိုးပေါက်** - အစိုးရသစ်လက်ထက်မှာ ထင်သာမြင်သာရှိတဲ့ တိုးတက်မှုကို ပြပါဆိုရင် ကုန်ဈေးနှုန်းကို ပြလိုက်ရုံပဲ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ဒါနဲ့ ဟိုအဆိုတော်တစ်ယောက်က ပြောတယ်။ မူးယစ်ဆေးတွေ အကုန်လုံး ဘုရားလှူထားတယ်တဲ့။

**တုတ်ထိုး** - ဒုက္ခ ဒုက္ခ။ ဒါနဲ့ ဘယ်ဘုရားမှာ သွားလှူထားတာလဲဟင်။
**အိုးပေါက်** - ဘာလုပ်မလို့လဲ။

**တုတ်ထိုး** - စွန့်ပါဘုရားလို့ ပြောပြီး. . . . ။
**အိုးပေါက်** - သုံးမလို့လား။

**တုတ်ထိုး** - ရဲလက်ကို အပ်မလို့ပါဗျာ။
**အိုးပေါက်** - မယုံပေါင်။

**တုတ်ထိုး** - အဆိုတော် ရသဆိုလားဗျ။ သူလည်း မူးယစ်ဆေးဝါးအမှုနဲ့ အဖမ်းခံထားရတယ်တဲ့ဗျ။
**အိုးပေါက်** - ဒါနဲ့ ဟိုအဆိုတော်လေးက ဘုရားကို မူးယစ်ဆေးဝါးလှူထားတယ်ဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားကပဲ မူးယစ်ဆေးဝါးအလှူခံထားတာ လိုလို။ ဒီလိုဆိုရင်တော့ အစိုးရကို လက်တို့ပြီး သတင်းပေးလိုက်ပါဦးမှ။ သတင်းပေးရင် ဆုတွေ ဘာတွေပေးမှာဆိုတော့။
**အိုးပေါက်** - နောက်ထပ် မူးယစ်ဆေးဝါး မသုံးတော့ပါဘူးလို့ သစ္စာပြုတာပါဗျ။ ဘယ်သူက ဘုရားကို မူးယစ်ဆေးဝါး လှူမှာတုန်း။ ငရဲတော့ ကြီးကုန်တော့မှာပဲ။

**တုတ်ထိုး** - ဟဲဟဲဟဲ။
**အိုးပေါက်** - ဟွန်း၊ နောက်တီးနောက်တောက်နဲ့။

**တုတ်ထိုး** - ကျုပ်တို့တိုင်းပြည်ကြီးမှာ မူးယစ်ဆေးဝါးပြဿနာက ဘယ်အချိန်ထိ စိုးမိုးနေဦးမယ်မသိဘူး။
**အိုးပေါက်** - တရားဥပဒေကရော ဘယ်တော့စိုးမိုးမှာလဲ။

**တုတ်ထိုး** - ဟုတ်တယ်။ အခုဆိုရင် World Justice Project စစ်တမ်းအရ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုဆိုင်ရာ အညွှန်းကိန်းဟာ အရင်တုန်းကထက် ကျဆင်းလာတယ်တဲ့။
**အိုးပေါက်** - ဗျာ။

**တုတ်ထိုး** - ၂၀၁၇ - ၂၀၁၈ ခုနှစ်အတွက် အဲ့ဒီအညွှန်းကိန်းက အရင်ကထက် အဆင့်နှစ်ဆင့် ကျဆင်းခဲ့တယ်။ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှာ အဆင့် ၁၀၀ မှာ ရပ်တည်နေတယ်။
**အိုးပေါက်** - ဘယ်အချက်တွေကြည့်ပြီး အဆင့်သတ်မှတ်ကြတာတုန်း။

**တုတ်ထိုး** - စံချိန်စံညွှန်းရှစ်ချက်နဲ့ ပြုလုပ်ခဲ့တာဗျ။ အစိုးရရဲ့ အာဏာအပေါ် အပြန်အလှန်ထိန်းကျောင်းမှု၊ အကျင့်ပျက် ခြစားမှု ကင်းရှင်းခြင်း၊ အစိုးရရဲ့ပွင့်လင်းမြင်သာမှု ရှိခြင်း၊ အခြေခံအခွင့်အရေး၊ ဥပဒေလိုက်နာမှု၊ လုံခြုံစိတ်ချရမှု၊ စည်းမျဉ်းဥပဒေအသက်ဝင်မှု၊ တန်းတူညီမျှမှုနဲ့ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုရှိခြင်း စတဲ့ အချက်အလက်တွေအပေါ် အကဲဖြတ်အမှတ်ပေးထားတာပါပဲ။
**အိုးပေါက်** - အေးဗျာ၊ တရားဥပဒေစိုးမိုးမှု မရှိမှတော့ ဘယ်လိုလုပ်ငြိမ်းချမ်းရေးကရောက်လာနိုင်ဦးမှာလဲဗျ။ တရားဥပဒေစိုးမိုးရေးကတော့ ဟိုသီချင်းထဲကလို . . . "မျှော်နိုင်သမျှတော့. . . မျှော်ဦးနော်" ဖြစ်နေပြီ။

**တုတ်ထိုး** - ပညာရေးကရော ဘယ်လိုဖြစ်နေလဲ။
**အိုးပေါက်** - ပညာရေးကတော့ ဟိုသီချင်းထဲကလို "အစမ်းသပ်ခံ အသည်းနှလုံး. . . သဘောထားအကြီးဆုံး. . ." ဆိုလိုပေါ့ဗျာ။ ပညာရေးကလည်း အစမ်းသပ်ခံဘဝပါပဲ။

**တုတ်ထိုး** - ဒါဆို မြန်မာ့စီးပွားရေးကရောဗျာ။
**အိုးပေါက်** - "ဂျုန်း ဂျုန်း ကျနေပြီ. . . ဂျုန်း ဂျုန်းကျနေပြီ. . ၃၉ ဗိုက်ပူကြီးလို ဂျုန်း ဂျုန်းကျနေပြီ. . ." အဲ့ဒီသီချင်းလို ဂျုန်း ဂျုန်းကျနေတာပါပဲ။

**တုတ်ထိုး** - တယ်ဆိုတဲ့ စာပါလား။ ဒါဆို လျှပ်စစ်တို့ဘာတို့ကရော. . . ။
**အိုးပေါက်** - "မိုးလေးဖွဲ့တုန်း သတိရတယ်. . ."။ ဟဲဟဲဟဲ။ အဲဒီလို ဖြစ်နေတယ်။

**တုတ်ထိုး** - ဘာမှ မအေးချမ်းရပါလား။ အခွင့်အရေးကရော တန်းတူရကြရဲ့လား။
**အိုးပေါက်** - အခွင့်အရေးတွေလည်း တန်းတူရကြပါတယ်။

**တုတ်ထိုး** - သာဓု၊ သာဓု၊ သာဓု။ ဒီတစ်ခုလေး ကောင်းသေးလို့ တိုင်းပြည်ကြီးအတွက် စိတ်ချမ်းသာရပါရဲ့။ နေပါဦး၊ ဘာတွေ အခွင့်အရေး တန်းတူရသလဲဗျာ။
**အိုးပေါက်** - မြန်မာပြည်အနှံ့ အပြားရေးကြီးရေလျှံမှုတွေ မဖြစ်ဘူးလား။

**တုတ်ထိုး** - ဖြစ်တာပေါ့ဗျာ။
**အိုးပေါက်** - မူးယစ်ဆေးဝါးပြဿနာတွေရော တိုင်းပြည်အနှံ့အပြားမဖြစ်ဘူးလားဗျာ။

**တုတ်ထိုး** - ဖြစ်တာပေါ့ဗျာ။
**အိုးပေါက်** - ခိုးမှု နှက်မှု လုမှု သတ်မှုတွေရောမြန်မာပြည်အနှံ့အပြား မဖြစ်ဘူးလားဗျာ။

**တုတ်ထိုး** - ဖြစ်တာပေါ့ဗျာ။
**အိုးပေါက်** - မြန်မာပြည်အနှံ့ ဘယ်နေရာသွားသွား စိတ်ချလုံခြုံမှု ရှိရဲ့လားဗျာ။

**တုတ်ထိုး** - မရှိပါဘူးဗျာ။
**အိုးပေါက်** - ဒါပေါ့ဗျာ။ ဒါဟာ တန်းတူအခွင့်အရေး ရကြတာပဲပေါ့။ အေးအတူ ပူအမျှပေါ့ဗျာ။ ရေကြီးလည်း အတူတူ၊ မူးယစ်ဆေးဝါးပြဿနာလည်း အတူတူ၊ ပညာရေးကျဆင်းတာလည်း အတူတူ၊ သာတူညီမျှပါပဲဗျာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ခင်ဗျား စဉ်းစားကြည့်လေ ရန်ကုန်မှာလည်း သေနတ်နဲ့ လူသတ်မှုဖြစ်သလို မန္တလေးမှာလည်း သေနတ်နဲ့ လူသတ်မှုဖြစ်တယ်။ မြစ်ကြီးနားမှာဆိုင်ကယ်ပျောက်မှုတွေဟာ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသလို နေရာဒေသအသီးသီးမှာလည်း လုယက်မှုတွေ တန်းစီနေတာပါပဲ။

**တုတ်ထိုး** - ရင်မောရပါလားဗျာ။
**အိုးပေါက်** - မန္တလေးမြို့မှာ ဩဂုတ် ၁၃ ရက်နေ့က သေနတ်နဲ့ ပစ်သတ်မှု ဖြစ်တယ်။ ဘယ်မှာလဲ တရားဥပဒေစိုးမိုးရေး။

**တုတ်ထိုး** - အောင်ရဲထွေးအမှု မှတ်မိလား။
**အိုးပေါက်** - အင်း၊ ခင်ဗျားက ဘာပြောချင်လို့တုန်း။

**တုတ်ထိုး** - အောင်ရဲထွေးဟာ ၂၀၁၈ ဇန်နဝါရီလ ၁ ရက်နေ့က အုပ်စုဖွဲ့ ရိုက်နှက်ခံခဲ့ရတယ်။ အမှုစစ်ချိန် ခြောက်လလောက်ကြာပြီးတဲ့နောက် လူသတ်တရားခံအဖြစ် စွပ်စွဲခံရသူတွေဟာ အမှုကနေ ကွင်းလုံးကျွတ်လွတ်ခဲ့ကြတယ်။
အိုးပေါက် - အဆန်းကြီးပါလား။

**တုတ်ထိုး** - ဟုတ်တယ်။ အဆန်းကြီးပဲ။ ဥပဒေရေးရာကျွမ်းကျင်သူတွေ၊ နိုင်ငံအကြီးအကဲတွေ မျက်လုံးပြူးခဲ့ကြရတယ်။ တရားလိုနဲ့ စွပ်စွဲခံရသူတွေက ဘာသာတူလို့ နှစ်ဦးနှစ်သဘောတူ ကျေအေးလိုလို့ ဆိုပြီး တရားသူကြီးက အမှုရုပ်သိမ်းခွင့်ပြုခဲ့တာပါပဲ။
**အိုးပေါက်** - ပြည်သူအချင်းချင်း ဖြစ်ပွားတဲ့အမှုတွေမှာ တရားလိုဟာ နိုင်ငံတော်ဖြစ်တယ်။ ဒါကြောင့် ကျေအေးလို့ မရဘူးဗျ။

**တုတ်ထိုး** - ဟုတ်တယ်။ ဒါကြောင့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ရှေ့နေချုပ်နဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တွေကို နိုင်ငံတော်သမ္မတတွေ့ဆုံခဲ့တယ်။ ဥပဒေအတိုင်း တိတိကျကျဆောင်ရွက်ဖို့ ညွှန်ကြားခဲ့တယ်။
**အိုးပေါက်** - ဒါပေါ့၊ အစိုးရဆိုတာ ။ သမ္မတဆိုတာ အဲဒီလိုဖြစ်နေရမယ်။

**တုတ်ထိုး** - အဲ့ဒီအမှုနဲ့ပတ်သတ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကျော်စောသတင်းအဖြစ် အတည်ပြုပြီး တိုင်တန်းချက်အဖြစ် သတ်မှတ်ခဲ့တယ်ဗျ။
**အိုးပေါက်** - တရားဥပဒေစိုးမိုးပါစေ။ မတရားမှု ကျဆုံးပါစေ။ တရားကသာ နိုင်ပါစေဗျာ။

**တုတ်ထိုး** - ဟုတ်တာပေါ့။ ဆယ်လီအောင်ရဲထွေးရဲ့ အမှုဖြစ်စဉ်ကနေတစ်ဆင့် ကျုပ်တို့တိုင်းပြည်ကြီးရဲ့တရားစီရင်ရေးမဏ္ဍိုင်ကို အားကောင်းခိုင်မာပါစေကြောင်း ဆုတောင်းမိပါရဲ့ဗျာ။
**အိုးပေါက်** - မျှော်နိုင်သမျှတော့ မျှော်. . ဦး. . နော်. . " ပေါ့ဗျာ။ ။

# တရုတ်ပြည်သို့ အလည်တစ်ခေါက်ရောက်ခဲ့စဉ်

စည်သူ (မြစ်ကြီးနား) ရေးသားသည်

မြစ်ကြီးနားမြို့ကို ခဏတာခွဲခွာပြီးတော့ ပေါက်ဖော်တို့ရှိတဲ့ တရုတ်ပြည်ဘက်ကို ခြေဦးလှည့်ခဲ့ပါတယ်။ ဝိုင်းမော်ကနေ ကန်ပိုက်တည်အထိကတော့ တရုတ်က ခင်းထားတဲ့ နိုင်လွန်ကတ္တရာလမ်းလေးကနေ မြွေလိမ်မြွေကောက် သွားရတယ်။ အဲ့ဒီလမ်းက လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ခင်းထားတဲ့လမ်းဖြစ်တယ်လို့ သိရပြီး မြန်မာပြည်က ပြုပြင်ထိန်းသိမ်းမှု အားနည်းတာကတစ်ကြောင်း၊ တိုက်ပွဲတွေကြောင့် လိုင်ဇာလမ်းပိတ်ထားတော့ ဒီလမ်းကြောင်းတစ်ခုတည်းကို အသုံးပြုသွားလာနေရတာကတစ်ကြောင်း တို့ကြောင့် လမ်းပိုင်းအတော် များများဟာ အထိနာနေရှာတယ်။

ရေမြောင်းတွေနဲ့ စနစ်တကျဖောက်လုပ်ထားတဲ့ အဲဒီလမ်းကို မြန်မာပြည်မှာ အကောင်းဆုံး တောင်ပေါ်လမ်းလို့ထင်ခဲ့ပေမယ့် အခုတော့ အဲဒီလမ်းလေးလည်း ဖွတ်ဖွတ်ညက်ညက်ကျေနေပြီ။ လွန်ခဲ့တဲ့ ၇ နှစ် လောက်က အခြေအနေနဲ့ အခုအခြေအနေက တခြားစီ ဖြစ်သွားတယ်။ မြန်မာပြည်ဘက်ကသွားတဲ့ လက်ယာဘက်အခြမ်း အသွားလမ်းက ပိုပြီးတော့ပျက်စီးနေပြီး ချိုင့်တွေ၊ ခွက်တွေ ပိုများတယ်။

ဒီလိုပျက်စီးနေတာ ဘာကြောင့်လဲ စဉ်းစားကြည့်တဲ့အခါ တရုတ်တစ်သျှူးငှက်ပျောတင်တဲ့ တွဲကားကြီးတွေကြောင့်လား၊ မှောင်ခိုသွားနေတဲ့ သစ်ကားကြီးတွေကြောင့်လား၊ ကျွန်းကားတွေကြောင့်လား၊ တမလန်းကားတွေကြောင့်လား၊ အင်ကြင်းကျောက်ကားတွေ ကြောင့်လား၊ မှောင်ခိုသွားနေတဲ့ ကျောက်စိမ်းကားတွေကြောင့်လားဆိုတာ သဲသဲကွဲကွဲ အဖြေထုတ်လို့မရ၊ ကုန်အပြည့်နဲ့ တွဲကားတွေ ရာနဲ့ချီပြီး နေ့တိုင်းဖြတ်သန်းနေတော့ မနိုင်ဝန်ထမ်းရတဲ့လမ်းလည်း ခါးချိုးလို့နေတယ်။ တချို့ နေရာတွေမှာ လမ်းလေးက လမ်းနဲ့မတူတော့။

လမ်းရဲ့ဘေးဘယ်ညာက တောင်တန်းအလှအပတွေကို ခံစားလိုက်၊ ပြောင်နေအောင် အခုတ်ခံထားရတဲ့ တောင်ကုန်းတွေအကြောင်း စဉ်းစားလိုက်နဲ့ ဟိုတွေးဒီတွေး တွေးရင်း ကားမောင်းချိန် နှစ်နာရီလောက်အကြာမှာ ဆဒိုးမြို့ကို ရောက်ခဲ့ပါတယ်။

ဆဒိုးမြို့ဟာ တောင်ပေါ်မြို့လေးဖြစ်ပြီးတော့ သစ်ကြားသီး၊ တယ်သီးနဲ့ စပျစ်သီးတွေကို အဓိကထားစိုက်ပျိုးပြီး စီးပွားရှာကြပါတယ်။ ထုတ်ကုန်တွေကို မြစ်ကြီးနားဘက်မှာ ရောင်းချသလို တရုတ်ဘက်ကိုလည်း ရောင်းချကြတယ်လို့ သိခဲ့ရတယ်။ ဆဒိုးမြို့ရဲ့ ပတ်ချာလည် ကျေးရွာအချို့မှာတော့ လာမယ့်ဆောင်းဦး ပေါက်ရာသီလောက်ဆို ဘိန်းပင်တွေစိုက်ဖို့ မြေပြင်ကြရော့မယ်ထင်ရဲ့။

အရင်က ဆဒိုးမြို့ဟာ ကုန်သည်တွေ လည်ပတ်သူတွေအတွက် ညအိပ်ညနေသွားရောက်ကြတဲ့ နေရာဖြစ်ပြီးတော့စည်ကားခဲ့တဲ့ဒေသလေးပါ။ အခုတော့ တိုက်ပွဲတွေ ဖြစ်တဲ့နောက်ပိုင်းမှာ လူအရောက်အပေါက်နည်းသွားပါပြီ။

ဆဒိုးကနေ တစ်နာရီသာသာလောက် ကားဆက်မောင်းလိုက်ရင် မြန်မာ-တရုတ်နယ်စပ်က ကန်ပိုက်တီဂိတ်ကို ရောက်ပါတယ်။ နယ်စပ်ဂိတ်ဆိုပေမယ့် သိပ်တော့မခမ်းနားလှဘူး။ ကားတွေအရမ်းဖြတ်မောင်းထားတော့ ချိုင့်ခွက်တွေကတော့ ပေါမှပေါပါပဲ။ ဂိတ်မှာ တရုတ်ဘက်ကဝင်လာမယ့် ကားတွေ တန်းစီရှိနေသလို မြန်မာပြည်ဘက်ကနေ ပြန်ထွက်မယ့် တရုတ်တွဲကားတွေကလည်း အများကြီးတွေ့ခဲ့ရတယ်။ ကျနော်ကတော့ မြန်မာဂိတ်ကတာဝန်ရှိတဲ့ သူတွေဆီမှာ Pass Port လုပ်တယ်။ တရုတ်ပြည်ကိုပဲ သွားသွား၊ မြန်မာပြည်ကိုပဲလာလာ ၁၃ ညအိပ် ၁၄ ရက်နေထိုင်ခွင့် ပေးထားတယ်။ နိုင်ငံကူးစာအုပ်လုပ်ရတာတော့ မြန်ပါတယ်။ မှတ်ပုံတင်မိတ္တူပတ်စပို့ပုံနှစ်ပုံနဲ့ မြန်မာငွေ ၇၀၀၀ ဆိုရင် စာအုပ်အနီလေး တစ်အုပ်ရပါတယ်။

ကန်ပိုက်တီဂိတ်ကို ကျော်လိုက်တာနဲ့ နှစ်နိုင်ငံနယ်နိမိတ်ဒေသကို ဖြတ်ကျော်ရမှာပါ။ တရုတ်မြေကို ခြေချလိုက်ပြီဆိုတာနဲ့ ချိုင့်ခွက်မရှိတဲ့ လမ်းပေါ်ကနေ ငြိမ့်ငြိမ့်လေး စီးနင်းခဲ့ရပါတယ်။ တောင်တွေတိုင်းမှာလည်း အုံ့ဆိုင်းညို့မှိုင်းနေတဲ့ သစ်ပင်တွေနဲ့ မြန်မာပြည်ဘက်ခြမ်းနဲ့ တခြားစီဖြစ်သွားတယ်။

ပထမဦးဆုံးမြင်တွေ့ရမှာကတော့ တရုတ်-မြန်မာ ချစ်ကြည်ရေးဥမင်လှိုဏ်ခေါင်းပါ။ တောင်ကျောတွေကို အတက်အဆင်း၊ အကွေ့အကောက်တွေနဲ့ မကျော်တော့ဘဲတောင် ၃-၄ လုံးလောက်ကို အောက်ကနေလှိုဏ်ခေါင်းဖောက်ထားတာ ချီးကျူးစရာပါ။

ဥမင်လှိုဏ်ခေါင်း ကျော်တာနဲ့ တရုတ်ပြည်က နယ်စပ်ဂိတ်ကို ရောက်ပါတယ်။ တရုတ်ဂိတ်ကို ဝင်တာနဲ့ ကားကို ပိုးသတ်ဆေးဖြန်းပါတယ်။ ကားသမားတွေကို အဆင့်ဆင့်စစ်ပါတယ်။ မြန်မာနိုင်ငံကကူးစက်ရောဂါတွေ ပါမလာအောင်လို့ ကားတွေကအစ ဆေးဖြန်းတာ ဖြစ်တယ်လို့လည်း ခရီးသွားတွေက ပြောပြပါတယ်။

လူဝင်ဂိတ်အရောက်မှာတော့ ပိုးသတ်ဆေးပါတဲ့ လိုက်ကာအပြားထဲက အရင်ဖြတ်ရပါတယ်။ ပြီးရင် စစ်ဆေးတဲ့ တရုတ်လဝက အရာရှိနေရာမှာ အစစ်အဆေးခံဖို့ တန်းစီစောင့်ရပါတယ်။ အသင့်ပါလာတဲ့အိတ်တွေကို စစ်ဆေးတဲ့ စက်ကိရိယာနဲ့ စစ်ပါတယ်။ အဲဒီအရာရှိရှေ့ရောက်တာနဲ့ မျက်နှာကို ကွန်ပျူတာနည်းပညာနဲ့မှတ်တမ်းတင်ပါတယ်။ ပြီးရင် ဘယ်ဖက်လက်မနဲ့ ညာဖက်လက်မကို လက်ဗွေမှတ်တမ်းယူပြီး လက်နှစ်ဖက်စလုံးရဲ့လက်မတွေရဲ့ လက်ဗွေတွေကို ထပ်ဆင့်မှတ်တမ်းယူပါတယ်။ ပြီးမှ လည်ပတ်သွားရောက်ဖို့ ခွင့်ပြုတာပါ။

ဆက်သွားရင် ပထမဦးဆုံးရောက်တာကတော့ နယ်စပ်မြို့ဖြစ်တဲ့ ကူယုံးကိုရောက်ပါတယ်။ အဲဒီမြို့မှာတော့ မူးယစ်ဆေးဝါးပပျောက်ဖို့အတွက် တရုတ်အစိုးရက မြန်မာနိုင်ငံသားတွေကို ဆီးစစ်ပြီးတော့ ဖမ်းဆီးထောင်ချနေတယ်လို့ သိရပါတယ်။ ဆီးကျတဲ့သူတွေ တော်တော်များများ (၉၅ ရာခိုင်နှုန်းလောက်)က ဖမ်းဆီးခံနေရတာဖြစ်ပြီးတော့ ကုန်သွယ်နေတဲ့ မြန်မာပြည်က ယာဉ်မောင်းတွေကိုလည်း ဆီးစစ်ဖမ်းဆီးနေတယ်လို့လည်း သိရပါတယ်။

ကူယုံးကနေ ဆက်သွားလိုက်ရင် လမ်းခွဲတစ်ခုရှိပါတယ်။ အဲဒီလမ်းခွဲကနေ ထိန်ချုံးမြို့ကိုသွားနိုင်သလို တည့်တည့်ဆက်သွားရင် တယ်ဟုန်ပြည်နယ်ခွဲကို အမြန်လမ်းကြီးကနေ ၃ နာရီကျော်လောက် ကားမောင်း လိုက်ရုံနဲ့ ရောက်မှာပါ။

လမ်းတစ်လျှောက်မှာတော့ တောင်ပတ်လမ်းတွေကဖြတ်သွားရမှာဖြစ်ပြီးတော့ တစ်နာရီကျော်လောက်ကြာရင် အာရှမှာအကြီးဆုံးဖြစ်တဲ့ ကြိုးတံတားကြီးကို အံ့အားသင့်ဖွယ်မြင်တွေ့ရမှာပါ။ ဒီတံတားမှာ ခရီးတစ်ထောက်နားကြပြီးတော့ အလှဓါတ်ပုံတွေ ရိုက်ကူးပြီးတော့ အပေါ့အလေးလည်း သွားနိုင်သလို သန့်ရှင်းလတ်ဆတ်တဲ့ လေကိုလည်း ရှူရှိုက်နိုင်ပါတယ်။







တယ်ဟုန်ပြည်နယ်ခွဲကို သွားတဲ့လမ်းတစ်လျှောက်မှာတော့ ဥမင်လှိုဏ်ခေါင်း ၂၀ လောက်ကနေ ဖြတ်သွားရပါတယ်။ နယ်စပ်မြို့ဖြစ်ပေမယ့်လည်း ဟိုက်ဝေးလမ်းကြီးတွေက အဆင့်မြင့်ပြီးတော့ တစ်လမ်းလုံးမှာ တောင်ကိုပတ်ပြီး တံတားတွေဆောက်ပြီး လမ်းခင်းထားတာပါ။

တံတားတွေကို ငွေကြေးအကုန်အကျ အများကြီးခံပြီးတော့ လမ်းတစ်လျှောက် မိုးပျံလမ်းတွေ ဖောက်ရတဲ့အကြောင်းကို အလည်ခေါ်တဲ့ တရုတ်လူမျိုး မြန်မာစကားပြန်ကိုမေးကြည့်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှာစိုးလို့ တောင်ဖြိုပြီးလမ်းမဖောက်ဘဲနဲ့ တောင်ဘေးပတ်လည်မှာ တံတားထိုးလမ်းဖောက်လုပ်တာလို့ဆိုပါတယ်။ မလွှတ်တဲ့နေရာရောက်ရင် ဥမင်လှိုင်ခေါင်း ဖောက်လုပ်တယ်လို့လည်း ထပ်မံရှင်းပြပါတယ်။

ကားစီးလာခဲ့တဲ့လမ်းတစ်



တရုတ်ပြည်က ရွှေတိဂုံ ပုံတူစေတီ

ဓာတ်ပုံ - စည်သူ (မြစ်ကြီးနား)

လျှောက်မှာ သစ်ပင်တွေစိမ်းစိုနေပြီးတော့ အဲဒီသစ်ပင်တွေကို ဘယ်သူမှမတို့မထိရဲကြဘူးလို့ဆိုပါတယ်။ ဒါ့ကြောင့် ၂၀၁၅ ခုနှစ်ကတုတ်လူမျိုးတွေရာနဲ့ချီပြီး မြန်မာပြည်ထဲဝင်သစ်ခုတ်ကြတာပေါ့။မြန်မာအစိုးရကလည်း တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ပြီး ထောင်ရှစ်ရက်ချ ပြန်လွှတ်ပေးလိုက်ပါတယ်။

ဟိုတွေး ဒီတွေး တွေးရင်းနဲ့ သုံးနာရီလောက် ကားစီးလိုက်တော့ တယ်ဟုန်ပြည်နယ်ခွဲရဲ့ မန်ရှီမြို့ကို ရောက်ပါတယ်။ အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုကို မြို့အဝင်ဝမှာတင် တွေ့လိုက်ရပါတယ်။

မြို့အဝင်မှာ ကချင်လူမျိုးတွေရဲ့ အမှတ်သင်္ကေတတစ်ခုဖြစ်တဲ့ မနောင်တိုင်ကြီး တည်ဆောက်ထားတာကို တွေ့မြင်ရတယ်။ မြစ်ကြီးနားက မနောကွင်းမှာတောင် တည်ဆောက်ခွင့်ပြုမထားတဲ့ ရုပ်တုတွေကို ဒီပြည်နယ်ခွဲရဲ့မြို့တွေမှာ တွေ့ရတယ်။

မနောတိုင် ဘေးပတ်လည်က လမ်းမီးတိုင်တွေမှာလည်း ကချင်မျိုးနွယ်စုတွေရဲ့ အမှတ်အသားဖြစ်တဲ့ MaKa(ကချင်ရိုးရာအဆင်အကွက်)နဲ့ တည်ဆောက်ထားတာဖြစ်ပြီးတော့ လမ်းမီးတိုင်တွေမှာတော့ အောက်ချင်းငှက်ရုပ် နှုတ်သီးကနေ မီးလုံးလေးတွေတွဲလောင်းချ အလှဆင်ထားတာကို တွေ့ရပါတယ်။

ဒါတင်မကပါဘူး ရှမ်းလူမျိုးတွေကိုလည်း အလေးထားတဲ့အနေနဲ့လည်း ရှမ်းရိုးရာအစားသောက်တွေ ရှမ်းဘုန်းတော်ကြီးကျောင်းတွေလည်း အများအပြား တည်ဆောက်ကိုးကွယ်ကြပါတယ်။

တက်ဟုန်ပြည်နယ်ခွဲရဲ့ မြို့တွေဖြစ်တဲ့ မန်ရှီ၊ ရွှေလီ၊ လုံချွမ်နဲ့ လျန်ဟော်မြို့တွေမှာ ကချင်ရိုးရာ မနောတိုင်နဲ့ ရိုးရာနတ်ကျော့ကွင်းတွေ၊ ရှမ်းဘုန်းတော်ကြီးကျောင်းတွေကို တည်ဆောက်ထိန်းသိမ်းထားပြီးတော့ နှစ်စဉ်မနောပွဲ ကျင်းပလေ့ရှိတယ်လို့လည်း မန်ရှီမြို့မှာနေထိုင်တဲ့ ကချင်လူမျိုးစုတွေဆီက သိရပါတယ်။ ဒီပြည်နယ်ခွဲမှာ ကချင်လူမျိုး ၁၃၀၀၀၀ ကျော်နေထိုင်လျက်ရှိပြီးတော့ ရှမ်းလူမျိုး ၃၅၀၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။

ရှမ်းလူမျိုးတွေရဲ့ ရိုးရာအစားအစာတွေက တရုတ်လူမျိုးတွေတော်တော်များများကြိုက်နှစ်သက်ကြပြီးတော့ ဒီအစားအစာတွေနဲ့ပဲ မြန်မာပြည်က ခရီးသွားပြည်သူတွေကို ဧည့်ခံကြပါတယ်။ အထက်ကမြို့နယ်တွေက တရုတ်ပြည်ရဲ့ ဆင်းရဲတဲ့ဒေသ(နံပါတ် ၄ အဆင့်) နယ်စပ်မြို့တွေ ဖြစ်နေပေမယ့်လည်း သူ့ရဲ့ဖွံ့ဖြိုးမှုကတော့ မြန်မာနိုင်ငံက ရန်ကုန်ထက်သာမယ်လို့ ထင်မိတယ်။ ဘာလို့လဲဆိုတော့ မြို့ဝင်ဘီးခွန်တွေ၊ဂိတ်တွေမှာမော်တော်ပီကယ်လည်းမရှိ၊ ဘီးခွန်ကောက်သူလည်းမရှိ၊ လူတစ်ယောက်မှ မထားရှိပါဘူး။ Digital System နဲ့ပဲ အလုပ်လုပ်ကြပါတယ်။ ဘီးခွန်နားရောက်ပြီဆိုတာနဲ့ ကားအတွင်းမှာရှိတဲ့ ဘီးခွန်ဆောင်တဲ့ Smart Card ကို Scan ဖတ်သွားမှာဖြစ်ပြီးတော့ ဘီးခွန်ခ ယွမ် ၄၀ (မြန်မာငွေ ၈၂၀၀) ကို အလိုအလျောက်ဖြတ်တောက်သွားမှာပါ။

ဘယ်ဆိုင်မှာ ဈေးဝယ်ဝယ် ငွေစက္ကူထုတ်သုံးစရာ မလိုဘူး။ တရုတ်နိုင်ငံရဲ့ Application တစ်ခုဖြစ်တဲ့ We Chat မှာ ငွေဖြည့်သွင်းရုံနဲ့ ဈေးဝယ်လို့ရနိုင်ပါတယ်။

အငှားယာဉ်စီးမယ်ဆိုရင်လည်း ငွေပိုပေးစရာမလိုသလို ဈေးဆစ်လို့လည်း မရပါဘူး။ အစိုးရသတ်မှတ်ပေးတာက မြို့တွင်း ၃ ကီလိုမီတာအတွင်းဆိုရင် ၈ ယွမ်(မြန်မာငွေ ၁၆၀၀) သတ်မှတ်ထားတာပါ။ သတ်မှတ် ကီလိုထက်ကျော်ခဲ့မယ်ဆိုရင် ကီလိုမီတာအလိုက်တော့ ထပ်ဆောင်းငွေပေးချေရမှာပါ။

နောက်တစ်ချက်ကတရုတ်နိုင်ငံမှာရှိတဲ့ ၅၅ မျိုးသောတိုင်းရင်းသားမျိုးနွယ်စုတွေအတွက် အစိုးရက ကျောသားရင်သား မခွဲခြားဘဲ တစ်ပြေးညီဖွံ့ဖြိုးအောင်လုပ်ပေးတယ်လို့လည်း တရုတ်လူမျိုးတွေကပြောပါတယ်။ တရုတ်အစိုးရက ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနဲ့ သဘာဝဘေးအန္တရာယ်ခံရသူတွေအတွက် လုံချွမ်မြို့မှာ ကျေးရွာတစ်ခုကို ဆောက်လုပ်ပေးထားပါတယ်။

အိမ်ထောင်စု ၇၁ စုရှိတဲ့ ဒီကျေးရွာမှာ ပြောင်းရွှေ့လာတဲ့ ဒုက္ခသည်တွေကို အစိုးရက နေရာထိုင်ခင်း (တိုက်ခန်း)တွေပေးသလို အလုပ်ကိုင်လည်း ဖန်တီးပေးပါတယ်။ စပြောင်းလာချင်းမှာပဲ လူတစ်ဦးကို ယွမ်နှစ်သောင်း(မြန်မာငွေ သိန်းလေးဆယ်)ကို အရင်ဆုံးထောက်ပံ့ပြီးတော့ အိမ်ထောင်စုတစ်ခုကို ပေ ၁၅၀၀ ပတ်လည်ရှိတဲ့ မြေယာတွေမှာ လုပ်ကိုင်စားသောက်ခွင့် ပြုတယ်လို့ သိရပါတယ်။

မွေးမြူရေးလုပ်ချင်ရင်လည်း အရင်းအနှီး ထုတ်ပေးပြီးတော့ အောင်မြင်လာတဲ့အခါမှာလည်း အရင်းကို ပြန်မယူဘူးလို့လည် စခန်းတာဝန်ခံတွေဆီက သိရပါတယ်။ စခန်းထဲမှာလည်း မှိုစိုက်ခင်းတွေကို စံပြအနေနဲ့ စိုက်ပျိုးပေးထားပြီးတော့ နည်းပညာအသစ်တွေကိုလည်း သင်ကြားပို့ချပေးတယ်လို့ သိရပါတယ်။ ရေမီးပြည့်စုံအောင် လုပ်ထားပေးတာကို တွေ့မြင်ရပြီးတော့ ဒီလုပ်ဆောင်ချက်တွေက အစိုးရကို ပြည်သူတွေ ခွန်းတုံ့မပြန်ရဲစေတဲ့ အချက်တွေလည်း ဖြစ်မှာပါ။

တက်ဟုန်ပြည်နယ်ခွဲမှာ သတင်းမီဒီယာတွေက အရမ်းကို အဆင့်မြင့်ပါတယ်။ တိုင်းရင်းချန်နယ်လ်တွေ တရုတ်အစိုးရရဲ့လုပ်ဆောင်ချက်တွေကို Digital Platform ကနေ အဆင့်မြင့်မြင့် ပြည်သူလူထုသိအောင် တင်ဆက်နေပါတယ်။ ခန့်ညားတဲ့ အဆောက်အအုံတွေနဲ့ တရုတ်ငွေသန်းပေါင်းများစွာ အကုန်ကျခံတည်ဆောက်ပြီးတော့သတင်းထောက်ကအစ အစိုးရလစာစားပြီး အလုပ်လုပ်ကြရပါတယ်။ အစိုးရရဲ့ ကောင်းတဲ့လုပ်ဆောင်ချက်တွေကိုသာ ဖော်ပြခွင့်ရကြပြီးတော့ အဆင့်မြင့်ပေမယ့်လည်း လွတ်လပ်တဲ့ မီဒီယာတွေလို့တော့ မဆိုနိုင်ပါဘူး။

တရုတ်အစိုးရက လာဘ်စားမှုပျောက်ရေးကိုတော့ အစွမ်းကုန် တင်းကျပ်ထားပါတယ်။ ဘယ်ရာထူးရာခံဖြစ်နေပါစေ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တစ်ဝိုင်းထဲထိုင်လို့ မရပါဘူး။ နိုင်ငံအရေးအရာကြောင့် မလွဲသာလို့ ထိုင်ဖြစ်ရင်တောင် ဟင်းပွဲသုံးပွဲထက်မှာယူစားသောက်ခွင့် ပေးမထားပါဘူး။

ဒါကို ရုပ်လုံးပေါ်လာဖို့အတွက်လည်းဝန်ထမ်းလစာတွေကိုတိုးမြှင့်ပေးထားပြီးတော့အစမ်းခန့်ဝန်ထမ်းတွေရဲ့ လစာငွေက တစ်လ ယွမ် ၃၀၀၀ (မြန်မာငွေ ၆ သိန်းခန့်) ရရှိအောင် စွမ်းဆောင်ပေးထားပါတယ်။ တရုတ်အစိုးရဝန်ထမ်းတော်တော်များများက အချိန်ကို လေးစားတန်ဖိုးထားတာကိုလည်း သတိထားမိပါတယ်။ စီးပွားရေးကို အဓိကလုပ်တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အချိန်ကို တန်ဖိုးထားတယ်လို့လည်းအများစုက သုံးသပ်ပြောဆိုကြပါတယ်။

ဘယ်သူမဆို သူများနိုင်ငံကို ရောက်ရှိနေတဲ့အချိန်မှာတော့ ကိုယ့်နိုင်ငံသားတွေကို မြင်တွေ့ရရင် အရမ်းကိုဝမ်းသာပျော်ရွှင်မိတာ ဖြစ်နေကျအလေ့အထတစ်ခုပါ။ လိုင်ချွမ်းမှာရှိတဲ့ ပိုးချည်မျှင်စက်ရုံကို ရောက်တဲ့အခါမှာလည်း မြန်မာလူမျိုးတွေကို အစုလိုက်အပုံလိုက်တွေ့ရပေမယ့် စိတ်မပျော်ခဲ့ရပါဘူး။

စက်ရုံအလုပ်သမားတွေ ၄၅၀လောက်မှာ ၄၂၀လောက်က မြန်မာအလုပ်သမားတွေပါ။ မြန်မာနိုင်ငံမှာ အလုပ်အကိုင်ရှားပါးလို့ အောက်ခြေအလုပ်သမားအနေနဲ့ ရောက်ရှိနေတာလို့ ဆိုပါတယ်။ နေစရာအဆောင်နဲ့ စားစရာပေးထားပြီးတော့ အမျိုးသားတစ်ဦးကို တစ်လ ယွမ် ၂၀၀၀(မြန်မာငွေ လေးသိန်း) အမျိုးသမီးကတော့ ၁၅၀၀ (မြန်မာငွေ သုံးသိန်း)လောက် လစာရရှိကြပါတယ်။

ပိုးချည်မျှင်ထုတ်တဲ့ စက်ရုံဖြစ်လို့ အနံ့ဆိုးကြားမှာ အလုပ်လုပ်ကိုင်ရတာ ဖြစ်ပြီးတော့ ၂၄ နာရီအလှည့်ကျလုပ်ကိုင်ရပါတယ်။ ပိုးကောင်တွေထုတ်ပိုးရတဲ့နေရာမှာ လုပ်ကိုင်တဲ့ မကွေးမြို့သူ မစန်းစန်းအိကို မေးကြည့်တဲ့အခါ “အရမ်းတော့နံတယ်။ နေသားကျအောင်တော့နေရတယ်။ တစ်လကို သုံးသိန်းလောက် ရတဲ့အခါကျတော့ လုပ်ရတယ်။ အိမ်ပြန်ရင်လည်း အလုပ်ကမရှိဘူး”လို့ ပြောလာပါတယ်။

ဒီလိုနဲ့ တက်ဟုန်ပြည်နယ်ခွဲကို လည်ပတ်ပြီးတဲ့အခါမှာတော့ ချိုင့်ခွက်လမ်းတွေ ပေါတဲ့၊ ဒုက္ခသည်တွေ ပေါသလောက် အကျင့်ပျက်ခြစားတဲ့ဝန်ထမ်းတွေလည်းပေါပြီးပျက်စီးနေတဲ့ သဘာဝသယံဇာတတွေလည်း ပေါပေါများများရှိတဲ့ ပြည်နယ်၊ တန်ဖိုးရှိတဲ့ ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိပေမယ့် ဆင်းရဲနွမ်းပါးသူတွေပေါ်တဲ့ ကချင်ပြည်နယ်ရဲ့ မြစ်ကြီးနားမြို့တော်ကြီးကို ၆ နာရီကျော်လောက် ကားစီးပြီး ပြန်လာခဲ့ပါတယ်။

စည်သူ(မြစ်ကြီးနား)



တရုတ်နိုင်ငံရောက် မြန်မာအလုပ်သမားများ ပိုးချည်မျှင်စက်ရုံတွင် တွေ့ရစဉ်

ဓာတ်ပုံ - စည်သူ (မြစ်ကြီးနား)

# အခြေခံပညာကျောင်းများတွင် ငလျင်ဘေးအန္တရာယ် အသိပေးဟောပြော



မြစ်ကြီးနား၊ ဩဂုတ် ၁၅

ကချင်ပြည်နယ်အတွင်းမှ အခြေခံပညာကျောင်းများတွင် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ်အဖြစ် အသိပညာပေးသင်တန်းများ၊ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်နေကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်းပြီး "ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်တင်ရေးစီမံကိန်း"ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုစီမံကိန်းကို မြန်မာနိုင်ငံတွင် ငလျင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေများသော ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရန် ငလျင်မလှုပ်မီ ကြိုတင်ပြင်ဆင်ရန်နှင့် ငလျင်လှုပ်နေစဉ်နှင့် လှုပ်ပြီးနောက် ဆောင်ရွက်ရမည့်အရာများကို စာသင်ကျောင်းများတွင် အသိပညာပေးခြင်း၊ ဟောပြောခြင်းများနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပြုလုပ်နေခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူး ဒေါ်ခင်သန်းနွဲ့က ပြောကြားသည်။

"ငလျင်ဘေးက အချိန်မရွေး ကျရောက်နိုင်တဲ့အတွက် စာသင်ကျောင်းအထဲမှာပဲဖြစ်စေ၊ စာသင်ကျောင်းပြင်ပမှာပဲဖြစ်စေ၊ ငလျင်ဖြစ်လာရင်ဘယ်လိုနေရမယ်၊ ငလျင်ဖြစ်ပြီးနောက်ဘယ်လိုနေရမယ်ဘယ်လိုလုပ်ရမယ် အသိပညာတွေပါတယ်။ နောက်ပြီး သဏ္ဍာန်တူလေ့ကျင့်ခြင်းက အရေးကြီးပြီး ကြိုတင်ပြင်ဆင်ထားရမယ့် အချက်တစ်ခုဖြစ်ပါတယ်။ အင်အားပြင်းငလျင်လှုပ်လာပါက ဆရာဆရာမ၊ ကျောင်းသားကျောင်းသူများနဲ့ တုန့်ပြန်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်"ဟု ဒေါ်ခင်သန်းနွဲ့က ပြောသည်။

ပညာပေးအစီအစဉ်များကို ဆရာဆရာမ ၂၄ ဦးက ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ စာသင်ကျောင်း ၈၀ ကျော်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထို သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများတွင် ငလျင်ဘေးအန္တရာယ်သည် အဖျက်စွမ်းအားကြီးမားဆုံးဖြစ်သည်ဟု ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ပြောကြားသည်။

"ငလျင်ဖြစ်လာရင် ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်လို့မရပေမယ့် ငလျင်လှုပ်နေစဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်များကိုသိရှိခြင်းဖြင့် မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုကို လျော့နည်းသွားစေမှာ ဖြစ်ပါတယ်"ဟု ဒေါ်လှကေသီမာက ပြောသည်။

မြန်မာနိုင်ငံသည် အဓိကငလျင်ကြောကြီး (ပြတ်ရွေ့) နှစ်ခုနှင့် ဆက်စပ်လျက်ရှိနေကာ ပထမငလျင်ပြတ်ရွေ့ကြောမှာ မြန်မာနိုင်ငံ၏အနောက်ဘက်ပင်လယ်အတွင်းတွင်တည်ရှိပြီး ကပ္ပလီပင်လယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအထိ ရှည်လျားစွာ တည်ရှိနေပြီး၊ ကျန်ဒုတိယပြတ်ရွေ့ကြောကြီးသည် မြန်မာနိုင်ငံတောင်ဘက်ခြမ်းအင်ဒိုနီးရှားနိုင်ငံအနီးပင်လယ်အောက်မှစတင်ခဲ့ကာ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ မန္တလေးနှင့် မြစ်ကြီးနားမြို့ကို ဖြတ်သန်းတည်ရှိနေပြီး ၎င်းကိုစစ်ကိုင်းပြတ်ရွေ့ကြောဟုလူသိများကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဆိုင်း(ကချင်မြေ)

# မြစ်ကြီးနားတက္ကသိုလ်တွင် ဥပဒေဆိုင်ရာအလုပ်အကိုင် အခွင့်အလမ်းအတွက် ဆွေးနွေးပွဲပြုလုပ်




မြစ်ကြီးနား၊ ဩဂုတ် ၁၅

မြစ်ကြီးနားတက္ကသိုလ်တွင် ဥပဒေဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လ ၁၁ ရက်နေ့က ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ကြသည်။

ထိုဥပဒေဆိုင်ရာဆွေးနွေးပွဲကို မြစ်ကြီးနားတက္ကသိုလ် ဥပဒေဌာနမှ ကျောင်းသူကျောင်းသားများပါဝင်ဖွဲ့စည်းထားသော Myitkyina Law Student's Association (MKLSA)အဖွဲ့က ဦးဆောင်ကာ တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် ဥပဒေနှင့်ပတ်သက်ပြီး အလုပ်အကိုင်အတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကတော့ ဒီဆွေးနွေးပွဲက ကျွန်တော်တို့ဥပဒေကျောင်းသူကျောင်းသားတွေ ကျောင်းပြီးရင် ဘာလုပ်လို့ရနိုင်တယ်။ ကျွန်တော်တို့ သိထားတာက ကျောင်းပြီးရင် ရှေ့နေလုပ်လို့ရတယ်။ တရားသူကြီးတွေ လုပ်လို့ရတယ်ဆိုတာလောက်ပဲ သိထားတယ်။ အခုတကယ်တမ်းက ဥပဒေအလုပ်နဲ့ပတ်သက်ပြီး ကဏ္ဍအများကြီးမှာ လုပ်လို့ရနေတယ်" ဟု MKLSA ခေါင်းဆောင် ကိုဂျာဂွန်းတန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

အဆိုပါ ဥပဒေဆိုင်ရာဆွေးနွေးမှုမှာ အခြားကျွမ်းကျင်သူအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သော်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်တွင် ပြည်သူလူထုအတွက် အကျိုးရှိစွာ အသုံးချကြရန် မြစ်ကြီးနားတက္ကသိုလ် ကျောင်းအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက ပြောကြားသည်။

"ဥပဒေဆိုတာက အမှန်တရားကို ရှာဖို့ပါ။ အမှန်တရားကြောင့် ရရှိလာမယ့်ရလဒ်တွေကို ရှာကြရမယ်။ ဒီနေ့ခေတ်ရဲ့ လူဘောင်လူ့ပတ်ဝန်းကျင်မှာ ကျောင်းသူကျောင်းသားတွေ အနေနဲ့ မိမိတို့တတ်ကျွမ်းတဲ့ ဥပဒေပညာရပ်တွေကို အသုံးချကြပါ"ဟု ဒေါက်တာအောင်ဝင်းက ပြောသည်။

ထိုမြစ်ကြီးနားတက္ကသိုလ် ဥပဒေဌာနမှပြုလုပ်သည့် ဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့မှ Asian Law Student's Assaciation (ALSA) အဖွဲ့မှ လာရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

မြစ်ကြီးနားတက္ကသိုလ်မှ MKLSA အဖွဲ့က ဆွေးနွေးပွဲများအပြင်၊ ဥပဒေစိုးမိုးရေးစင်တာများနှင့် ဥပဒေဆိုင်ရာများကို ဆွေးနွေးသွားမည်ဖြစ်သည့်အပြင် ဥပဒေကျောင်းသူကျောင်းသားများအနေဖြင့် ကျောင်းစာ တစ်ခုတည်းကိုသာ လုပ်ဆောင်ခြင်းမဟုတ်တော့ဘဲ ပြည်သူလူထုကိုပါ ဥပဒေနှင့်ပတ်သက်သည့် အသိပညာများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ကိုဂျာဂွန်းတန်မှ ဆက်လက်ပြောပြသည်။

ဆိုင်း(ကချင်မြေ)

# လော်ဝေါ်ရိုးရာယဉ်ကျေးမှုဗိမာန်ဝင်းအတွင်း ပျက်စီးသွားသော မြေသားများကို အကောက်ခွန်က ပြန်လည်ပြုပြင်ပေးမည်



ဝိုင်းမော်၊ ဩဂုတ် ၁၇

ဝိုင်းမော်မြို့နယ် ကန်ပိုင်တီနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော မြေဆီ၊ ဓာတ်မြေဩဇာတင် ကားကြီးများကို ဆဒ်ုံးမြို့ရေတံခွန်အနီးတွင် ဩဂုတ်လ ၂ ရက်နေ့က ဖမ်းဆီးပြီး ဝိုင်းမော်မြို့ရှိ လော်ဝေါ်ရိုးရာယဉ်ကျေးမှု ဗိမာန်တော်ဝင်းအတွင်း၌ ၁၃ ရက်ကြာထားရှိစစ်ဆေးခဲ့သဖြင့် ဗိမာန်ဝင်းအတွင်း ပျက်စီးသွားသော မြေသားများကို အကောက်ခွန်ဌာနက ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကုန်တင်ကားကြီး ၃၁ စီးကို ဩဂုတ် ၂ ရက်နေ့မှ စတင်ကာလော်ဝေါ်ရိုးရာယဉ်ကျေးမှု ဗိမာန်တော်၌ ထားရှိကြောင်း လော်ဝေါ်ရိုးရာ ယဉ်ကျေးမှု ဗဟိုဥက္ကဋ္ဌဦးဒိုင်လွမ်းထံမှ သိရသည်။

"အခုလို ဖမ်းဆီးတာကောင်းပါတယ်။ ဒါပေမဲ့လည်း လမ်းတွေ အခုလိုဖြစ်သွားလိမ့်မယ်လို့တော့ မထင်ထားဘူး။ အခုလို လမ်းပျက်နေတာတွေ့လိုက်တော့ နည်းနည်းစိတ်ပူသွားတယ်။ ဒါပေမဲ့ ပြုပြင်ပေးမယ်လို့တော့ ကြားတယ်။ အမြန်ဆုံး ပြုပြင်ပေးနိုင်ရင်တော့ ကောင်းတာပေါ့"ဟု ဦးဒိုင်လွမ်းက မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

တန်ချိန်များသော ကားကြီးများဝင်ရောက်မှုကြောင့် ရိုးရာကျောင်းဝင်းအဝင် မုခ်ဝမှစ၍ ရွံ့ဗွက်များဖြစ်နေပြီး လမ်းများ ပျက်စီးသွားသည်။ ကုန်တင်ကားကြီးများကြောင့် ပျက်စီးသွားသော လမ်းများကို ပြန်လည်ပြုပြင်ရန် အတွက် ကချင်ပြည်နယ်အစိုးရ ဘဏ္ဍာရေးအခွန်ဝန်ကြီးမှ ဦးဆောင်ကာ ဆောင်ရွက်မည်ဖြစ်ကြောင်း လော်ဝေါ်ရိုးရာယဉ်ကျေးမှု ရုံးအုပ်ဦးဝယော်ခေါင်ဒေါင်မှ ပြောကြားသည်။

"ဝန်ကြီးက ပြန်ပြုပြင်ပေးမယ်လို့တော့ ပြောတယ်။ ဒါပေမဲ့ အခုလောလောဆယ်တော့ မဟုတ်ဘူး။ ရိုးရာဝင်းက မြေကနုတယ်လေ။ ဒါကြောင့် အကုန်ပျက်စီးကုန်တာ ဟုတ်တယ်။ အမြန်ဆုံးပြုပြင်ပေးနိုင်ရင်တော့ ကောင်းတာပေါ့"ဟု ဦးဝယော်ခေါင်ဒေါင်က ပြောသည်။

ၚင်းကားကြီးများကို ဖမ်းဆီးထားခြင်းသည် ပြည်နယ်အစိုးရမှ တိုက်ရိုက်ဆင်း၍ ဖမ်းဆီးခြင်းဖြစ်ကြောင်း သိရသည်။

ထိုကားများကို ဖမ်းဆီးထိန်းသိမ်းပြီး မြေနေရာ ကျယ်ဝန်းသောလော်ဝေါ်ဗိမာန်ဝင်းထဲ၌ ထားရှိခဲ့ကြောင်း ဝိုင်းမော်မြို့နယ် NLD ပြန်ကြားရေးမှ ဦးဉာဏ်ထွန်းက ပြောသည်။

"ဟုတ်တယ် လမ်းတော့ တော်တော်ပျက်စီးသွားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြန်ပြုပြင်ပေးမှာပါ။ ဝိုင်းမော်မှာဆိုလည်း ကျယ်ဝန်းတဲ့နေရာက သည်နေရာပဲ ရှိတယ်လေ။ အမေစုလာရင်လည်း ဒီဝင်းမှာပဲ။ ဒါကြောင့် အရင်ကထက်ပိုကောင်းအောင် ပြုပြင်ပေးမယ်လို့ အထက်ကိုပြောထားပါတယ်။ အခုလောလောဆယ်တော့မဖြစ်သေးဘူး။ ဘာလို့လဲဆိုတော့ ရေတွေလည်း ဝပ်နေတယ်။ ဗွက်လည်းတော်တော်ထနေတယ်လေ။ ဒါကြောင့် ရာသီဥတု နည်းနည်းသာမှ လုပ်လို့ရမှာပါ"ဟု ဦးဉာဏ်ထွန်းက ပြောသည်။

Ah je

---

စာ-၈ မှ »

ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ လီဒိုလမ်းမကြီးကိုအသုံးချဖို့ကြိုးစားရင်း ကချင်ပြည်နယ်ဟာ ဒီဆက်ကြောင်းမှာအရေးပါဆုံးဒေသကြီးဖြစ်လို့လာပါတော့တယ်။

တရုတ်တွေဟာ ဒီလောက်နဲ့ စိတ်မချသေးပါဘူး။

နောက်ထပ် ပင်လယ်ထွက်ပေါက်ဖြစ်တဲ့ ရန်ကုန်ကနေတစ်ဆင့် မန္တလေး၊လားရှိုး၊ နမ့်ခမ်း၊ မူဆယ်၊ ဝမ်တိန်၊ ကူမင်းဆိုပြီး အထောက်လမ်းတစ်ခုနဲ့ ရံထားပါသေးတယ်။ ဒီလိုနဲ့ ခေတ်သစ်လီဒိုလမ်းမကြီးဟာ ကချင်ပြည်နယ်ကို မိုင်ပေါင်း ၆၄၅ မိုင်ဖြတ်သန်းပြီး Strategic road အဖြစ် ကချင်တို့လက်ထဲ ရောက်ရှိလာပါတော့တယ်။

ကချင်တွေ ဒီအဖြစ်ကို ကောင်းကောင်းအသုံးချရင် ကုန်သွယ်ရေး အကြီးမားဆုံးနဲ့အမြန်ဆုံးဒေသတစ်ခုဖြစ်လာနိုင်ပြီး အရှည်ကိုမကြည့်ဘဲ အမျိုးသားရေး မျက်စိပိတ်နေရင်တော့ အခြားတစ်ပါးသောသူများ နင်းချေဖြတ်သန်းသွားတော့မှာဖြစ်တယ်။

ကချင်တို့ အသုံးချနိုင်ဖို့ဆိုရင် ကချင်တို့နိုင်ငံရေးတန်းတူရည်တူပြောနိုင်ဖို့ လိုအပ်ပြီး ကချင်တရုတ်မြန်မာဗဟိုအစိုးရဆိုတဲ့ သုံးပွင့်ဆိုင်နိုင်ငံရေးစင်မြင့်ကို မဖြစ်မနေတည်ဆောက်ရမှာပါ။

လီဒို- ရှင်ဗွေယန်- တနိုင်း- နမ္မတီး-မြစ်ကြီးနား - ဗန်းမော်စတဲ့ လီဒိုလမ်းမ ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် တရုတ်တွေ ဘာတွေလုပ်လာပြီလဲ. . .။

အခြေခံကုန်ကြမ်းတွေဘာတွေ တည်ဆောက်ထားပြီလဲ။ ကချင်တွေကရော ဘာတွေသိမြင်ပြီလဲ. . .။

ကချင်ပြည်နယ် အစိုးရရော အဲဒီအတွက် ဘာတွေပြင်ဆင်ပြီလဲ. . . အများကြီး စဉ်းစားစရာ. . .။

**နောက်အပတ် ဆက်လက်ဖော်ပြမည်။**

M Kawn La

# Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၃ - ၈ - ၂၀၁၈ မှ ၉ - ၈ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁ နာရီ၊ ၇ နာရီခွဲစသည့် ပွဲချိန်တွင် -

**ကြွကြွယ**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် -

**Along with the God**






## အသုံးဝင်သော ဖုန်းနံပါတ်များ

| | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ပေးရာတွင် အသက် ၉၀ နှစ်မှ ၈၅ နှစ်အရွယ်ထိလျှော့ချမည်

မိုးညှင်း၊ ဩဂုတ်

နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်ဖြင့် မြန်မာတစ်နိုင်ငံလုံးမှ အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား လစဉ်ထောက်ပံ့ပေးနေရာမှ လာမည့်လမှစတင်ကာ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများကိုပါ ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးညှင်းမြို့တွင် ဩဂုတ်လ ၁၄ရက်နေ့က လာရောက်ကျင်းပခဲ့သည့် လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ သင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် ဧပြီလမှစ၍ အသက်၉၀နှစ်နှင့်အထက်ဘိုးဘွားများကို ထောက်ပံ့ခဲ့ရာမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစ၍ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများကို ထောက်ပံ့နိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

"ထောက်ပံ့ကြေးငွေကတော့ နိုင်ငံတော်အစိုးရရဲ့ ဘတ်ဂျက်အရ မတိုးသေးပါဘူး။ ဒါပေမဲ့ အရင်နှစ်တွေက အသက် ၉၀ နှစ်နဲ့အထက်ကိုသာ ထောက်ပံ့ကြေးငွေပေးခဲ့ပေမယ့်အခု ၈၅ နှစ်နဲ့အထက်ဆိုတော့ ထောက်ပံ့မယ့် အဘိုး၊အဘွားအရေအတွက် ပိုပြီးများလာမယ်၊ အရင်နှစ်တွေမှာ စာရင်းပြုစုတဲ့နည်းနဲ့ အခုပြုစုတဲ့နည်းတွေလည်း မတူဘဲ ပြောင်းလဲထားပါတယ်။ ဆောင်ရွက်ခဲ့တဲ့တစ်နှစ်တာလုပ်ဆောင်မှုနဲ့ ပတ်သက်လို့လည်း အခက်အခဲတွေ အမှားအယွင်းတွေကို အတတ်နိုင်ဆုံးဖြေရှင်းပေးနိုင်ပြီး အခက်အခဲမရှိဘဲဆောင်ရွက် သွားနိုင်အောင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို သင်ကြားပေးနေပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက ပြောသည်။

မိုးညှင်းမြို့ထွေ/အုပ် ခန်းမတွင်ပထမဦးဆုံးအကြိမ်လာရောက် ပြုလုပ်ပေးခဲ့သည့်အဆိုပါသင်တန်းကို ကျန်ခရိုင်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးညှင်းမြို့မှ သက်ကြီးဘိုးဘွားများအတွက် ၂၀၁၇ ဧပြီလမှစတင်ကာ တစ်လလျှင်ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလလျှင်တစ်ကြိမ်ထောက်ပံ့ပေးအပ်ခဲ့ရာ မိုးညှင်းမြို့တွင် အဘိုး ၄၀ ဦးနှင့် အဘွား ၁၃၂ ဦး၊ ပေါင်း ၁၇၂ ဦး တို့ကို ထောက်ပံ့ပေးနေကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# မော်ဟန်ကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင်မှ တရားမဝင် အမိုနီယမ်နိုက်ထရိတ်အိတ်များဖမ်းဆီး

မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင်တွင် တရားမဝင် အမိုနီယမ်နိုက်ထရိတ်အိတ်များ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

အဆိုပါ စက်သုံးဆီအရောင်းဆိုင်ကို မော်ဟန်ကျေးရွာ နတ်ကြီးကုန်းရပ်ကွက်မှ ဦးဖြိုးဝေကို(ခ)ဖြိုးဝေပို ဆိုသူ ပိုင်ဆိုင်ပြီး ဩဂုတ်လ ၁၃ရက် နေ့ညနေ၇နာရီခွဲအချိန်ကဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

မော်ဟန် ရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ညွန့်ဝင်းနှင့်ပူးပေါင်းအဖွဲ့ကအသက်၃၆နှစ်ရှိ ဦးဖြိုးဝေဆိုသူ ပိုင်ဆိုင်သော နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေစဉ် ၄င်းနှင့်အတူ အသက် ၄၅ နှစ်ရှိ ဝင်းဦးဆိုသူအားတွေ့ရှိခဲ့ပြီး ဆိုင်အတွင်းသို့ဝင်ရောက် ရှာဖွေခဲ့ရာ ဆီပေပါများ ထည့်သည့်နေရာတွင် ဆီပေပါအခွံများဖြင့် ကာရံပိတ်ထားပြီး တရုတ်စာတန်းပါ ပီနံအိတ်အဖြူရောင်ဖြင့် ထည့်လျှက် တစ်အိတ်လျှင် ကီလို ၄၀ ခန့်စီပါသော အမိုနီယမ်နိုက် ထရိတ်အိတ် ၂၅၀ အိတ်နှင့် ဆီပေပါခွံများဖြင့် ထည့်ထားသော အမိုနီယမ်နိုက်ထရိတ် တစ်ပေပါလျှင် ၁၂၀ ကီလိုခန့်စီပါသော ပေပါကိုးလုံး၊ ဆီအရောင်း ခြံဝင်းအတွင်း အရှေ့တောင်ထောင့် ခြံစည်းရိုးကပ်လျှက် ကားဘော်ဒီ အဟောင်းအတွင်း တရုတ်စာတမ်းပါ။ ပီနံအိတ်အဖြူရောင် အမိုနီယမ်နိုက်ထရိတ် တစ်အိတ်လျှင် ကီလို ၄၀ ဂရမ်ခန့်စီပါသောအိတ် ၁၆၀ အိတ်၊ ကားဘော်ဒီ ဘေးမှဆီပေပါခွံများအတွင်း အမိုနီယမ်နိုက်ထရိတ် တစ်ပေပါလျှင် (၁၂၀) ကီလိုဂရမ်စီပါပေပါ(၈)လုံးနှင့် မိုးကာအစိမ်းများဖြင့်အုပ်ထားသော အဝါရောင်ပီနံအိတ်ဖြင့် ထည့်လျှက် အမိုနီယမ်နိုက်ထရိတ်(၁)အိတ်လျှင် (၄၀)ကီလိုဂရမ်ခန့်စီပါ(၂၈)အိတ် စုစုပေါင်းအမိုနီယမ်နိုက်ထရိတ် အလေးချိန်-(၁၉၅၆၀) ကီလိုဂရမ်ခန့် ကာလတန်ဖိုးကျပ် ၁၉၅၆၀၀၀၀ တန်ဖိုးရှိ တရားမဝင် အမိုနီယမ်နိုက်ထရိတ်များကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်အမိုနီယမ်နိုက်ထရိတ်အိတ်များ လက်ဝယ်ထားရှိခဲ့သောဖြိုးဝေနှင့်ဝင်းဦးဆိုသူအား(ပ)၂၀၂/၂၀၁၈၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ - ၃၇ ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း မိုးညှင်းမြို့မရဲစခန်းက သိရသည်။

ထွန်းထွန်း




# မြစ်ကြီးနားမြို့ Mobile Phone ဈေးနှုန်းများ

| Samsung | |
|---|---|
| S9 Plus | 1400000 ks |
| Note 8 | 1275000 ks |
| Note Fan | 790000 ks |
| A8 2018 | 615000 ks |
| A8 Star | 789000 ks |
| A6 Plus | 499000 ks |
| J7 Plus | 495000 ks |
| J6 | 315000 ks |
| J4 | 219000 ks |
| J5 Pro | 349000 ks |
| J7 Core | 209000 ks |
| S9 | 1090000 ks |
| J7 Prime | 299000 ks |
| Tab S3 | 918000 ks |
| S2 | 572000 ks |
| Tab J | 259000 ks |
| TabA (8") | 343000 ks |

| Vivo | |
|---|---|
| V9 | 399000 ks |
| Y53 | 169000 ks |
| Y81 | 259000 ks |
| Y85 | 319000 ks |
| Y52 | 155000 ks |
| Y71 (2/16GB) | 199000 ks |

| Huawei | |
|---|---|
| P20 pro | 1099000 ks |
| Nova 2i | 309000 ks |
| Y9 2018 | 259000 ks |
| Y7 Pro 2018 | 199000 ks |
| Y6Prime 2018 | 159000 ks |
| Y5 Prime 2018 | 136000 ks |
| M3 2017 | 339000 ks |
| Y3 2017 | 99000 ks |

| Oppo | |
|---|---|
| F7 | 359000 ks |
| F7 youth | 279000 ks |
| A71k | 179000 ks |
| A37 | 169000 ks |

| Meizu | |
|---|---|
| PRO7/7Plus( 4GB+64GB ) | 399000 ks |
| M6 note (3GB+32GB) | 249000 ks |
| M6s (3GB+32GB) | 239000 ks |
| M5note (3GB+16GB) | 169000 ks |
| M5c (2GB+16GB) | 129000 ks |
| M5c(2GB+32GB) | 149000 ks |

| Xiaomi | |
|---|---|
| Mi A1 (4GB+64GB) | 315000 ks |
| Mi A1(3GB+32GB) | 299000 ks |
| Mi Max2(4GB+64GB) | 369000 ks |
| Mi Mix 2s (6GB+64GB) | 699000 ks |
| Redmi Note5(4GB+64GB) | 279000 ks |
| Redmi Note5(3GB+32GB) | 329000 ks |
| Redmi S2 | 225000 ks |
| Redmi 5Plus(3GB+32GB) | 225000 ks |
| Redmi 5Plus(4GB+64GB) | 249000 ks |

# သုံးလအတွင်း မူးယစ်မှု ၁၆ မှုဖမ်းဆီးခဲ့ဟု ရွှေညောင်ပင်အုပ်ချုပ်ရေးမှူးပြော

မြစ်ကြီးနား၊ ဩဂုတ် ၁၅

ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သုံးလအတွင်း မူးယစ်မှု ၁၆ မှု ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမှုပေါင်း ၁၆ မှုမှ ပြစ်မှုကျူးလွန်သူ အယောက် ၂၀ အပြင် ဆိုင်ကယ်ခိုးမှု ၄ မှုနှင့် ဓားခုတ်မှုတစ်မှုကိုလည်း ဖမ်းဆီးခဲ့သည်ဟု ရွှေညောင်ပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းဝေကပြောသည်။

"မူးယစ်ဆေးဝါးမှုတွေကို မဖမ်းရင်မရဘူး။ သူ့ရဲ့နောက်ဆက်တွဲပြဿနာတွေက အရမ်းများတယ်။ အိုးခွဲ အိမ်ခွဲ၊ ခိုးမှု၊ လုယက်မှု၊ ဓားခုတ်မှု၊ လူသတ်မှုစတဲ့ ဖြစ်စဉ်တွေက မူးယစ်ဆေးဝါးကြောင့် ဖြစ်ရတဲ့ ဆိုးကျိုးတွေဖြစ်တယ်" ဟု ထိုသို့ ဖမ်းဆီးရန် ကျေးရွာအတွင်းသတင်းပေးများထားရှိပြီး သက်ဆိုင်ရာ နယ်မြေခံရဲတပ်ဖွဲ့နှင့် မူးယစ်အထူး ရဲတပ်ဖွဲ့များကို ခေါ်ဆောင်၍ ဥပဒေနှင့်အညီ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေဖြစ်ရန် ကျေးရွာအုပ်ချုပ်ရေးဆိုက်မှ သက်ဆိုင်ရာတွေနဲ့ ပူးပေါင်းနှိမ်နင်းခဲ့သည့်အပြင် လူငယ်များစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ မရှိရန်လည်း အဓိကလုပ်ဆောင်နေကြောင်း ဦးစန်းဝေက ပြောသည်။

"ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စမှာ ပူးပေါင်းပါဝင်ဖို့ စိတ်မရှိတော့ဘူး။ မူးယစ်ဆေးဝါးသုံးစွဲဖို့ကိုပဲ စိတ်ထဲရှိသွားတယ်။ အလုပ်လုပ်ချင်စိတ်တွေမရှိတော့ဘူး။ မိဘဆီကတောင်းမရရင်ခိုးမယ်၊ လုမယ်၊ သတ်မယ် ဆိုတဲ့စိတ်ပဲရှိတော့တယ်"ဟု ဦးစန်းဝေက ပြောသည်။

ရွှေညောင်ပင်ကျေးရွာအပြင် အခြားကျေးရွာများဖြစ်သည့် ခတ်ချို၊ အင်းလေးစသည့် ကျေးရွာများအထိ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး သတင်းရရှိပါက သွားရောက်ဖမ်းဆီးခြင်းများကို ပြုလုပ်ခဲ့ကြကြောင်းလည်း သိရသည်။

"ကိုယ့်ရွာ သူ့ရွာလို့မခွဲခြားဘဲ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် လိုက်လံဖမ်းဆီးသွားမှာ ဖြစ်ပါတယ်။ ဘယ်ကျေးရွာကမဆို ခေါ်ပါ၊ လိုက်ပြီးတော့ သက်ဆိုင်ရာနဲ့ ပူးပေါင်းပြီး ဖမ်းဆီးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ဦးစန်းဝေက ပြောသည်။

ဩဂုတ်လ ၁၄ ရက်ကလည်း အောင်မြေ(၂)ကျေးရွာတွင် မူးယစ်ဆေးဝါးသတင်းရရှိသဖြင့် မြစ်ကြီးနားမှ မူးယစ်တပ်ဖွဲ့စု(၂)နှင့် ပူးပေါင်းကာ အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဘိန်းဖြူ (၀ဒသမ၉၈ဂရမ်) ခန့်နှင့်အတူ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုအမျိုးသား၏ ထွက်ဆိုချက်အရ ၎င်းဝယ်ယူခဲ့သည်ဆိုသော အောင်မြေ(၁)ကျေးရွာမှ အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦးကို ထပ်မံသွားရောက်စောင့်ဆိုင်းဖမ်းဆီးရာ ဘိန်းဖြူမှုန့် (၀ ဒသမ ၃ ဂရမ် )ခန့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့်အတူ လယ်ဝယ်တွေ့ရှိသည့် အမျိုးသားနှစ်ဦး(ဖမ်းမိ)နှင့် အမျိုးသား(မမိ)တို့ကို မူးယစ်အထူးအဖွဲ့မှ ဒုရဲအုပ်အောင်ကိုကိုက တရားလိုပြုကာ ဝိုင်းမော်မြို့မရဲစခန်းတွင် ပုဒ်မ - ၁၆(ဂ)/၂၀ဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်

# ဘိန်းဖြူဆပ်ပြာခွက် တစ်ရာကျော် သယ်ယူလာသူ လူငယ်တစ်ဦးကို အင်းတော်ကြီးဒေသတွင် ဖမ်းဆီး

မိုးညှင်း၊ ဩဂုတ် ၁၄

ဘိန်းဖြူမှုန့်များထည့်ထားသည့် ဆပ်ပြာခွက်တစ်ရာကျော် သယ်ယူလာသော လူငယ်တစ်ဦးကို မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ၌ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုလူငယ်မှာ ဖားကန့်မြို့နယ် ကောင်ဆန်ကျေးရွာမှ အသက် ၁၈ နှစ်အရွယ် ဇုန်းချန်းဆိုသူဖြစ်ပြီး ဩဂုတ်လ ၁၃ ရက်နေ့ညနေက လုံးတုံရှိ မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်းရှေ့တွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

လုံးတုံနယ်မြေ ရဲစခန်းမှူး ရဲအုပ်နေဇော်ဦးနှင့် အဖွဲ့က ခမရ (၁၂၀) အခြေစိုက်စခန်းရှေ့၌ စောင့်ဆိုင်းနေစဉ် ညောင်ပင်ကျေးရွာဘက်မှ ဟိုပင်မြို့ဘက်သို့ ဦးတည်မောင်းနှင်လာသူဇုန်းချန်းစီးလာသော KENBO-125 ဆိုင်ကယ်ခြကြားတွင် ပီနံအိတ်ဖြင့်ထည့်၍ သယ်ဆောင်လာစဉ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါကြားအမှုန့်များပါသည့် ဆပ်ပြာခွက် တစ်ခွက်လျှင် ၁၁ ဂရမ်ခန့်စီပါသော ဆပ်ပြာခွက် ၁၁၀ ခွက် (စုစုပေါင်းအလေးချိန် ၁၂၁၀ ဂရမ်ခန့်၊ ကာလတန်ဖိုးကျပ် ၈၄၇ သိန်းဖိုး) တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဆပ်ပြာခွက်များကို ကောင်ဆန်ကျေးရွာရှိ အရက်ဆိုင်တစ်ဆိုင်၌ တွေ့ရှိခဲ့သော အသက် ၃၅ နှစ်ခန့်ရှိ ပလောင်အမျိုးသားတစ်ဦးက မိုးညှင်းမြို့သို့သယ်ဆောင်ပေးလျှင် ငွေ ၁၀ သိန်းပေးမည်ဟု ပြောဆိုသဖြင့် သယ်ယူခဲ့ကြောင်း၊ ထိုပလောင်အမျိုးသားမှာ ညောင်ပင်ကျေးရွာအထိလိုက်ပါခဲ့ကြောင်း၊ ဖမ်းဆီးရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ မူးယစ်ဆေးများကို သယ်ယူခဲ့သော ဇုန်းချန်းကို မယ(ပ)၅၀/၂၀၁၈၊ မူးစိတ်ပုဒ်မ - ၁၉ (က) ဖြင့် အမှုဖွင့်ထားကြောင်း မိုးညှင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# မော်ဟန်ရွာတွင် ကျပ်သိန်းနှစ်ရာကျော်တန်ဖိုးရှိ မူးယစ်ဆေးများ ဖမ်းဆီး

မိုးညှင်း၊ ဩဂုတ် ၁၃

မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အနောက်ဘက် သချိုင်းကုန်းအနီး မော်ဟန်-နမ္မခံမှော် ကားလမ်းဘေးရှိ ယာတဲမှ ကာလတန်ဖိုး ကျပ် ၂၈၆ သိန်းခန့်ရှိ မူးယစ်ဆေးဝါးများကို ဩဂုတ်လ ၁၂ ရက်ကဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ဟန်နယ်မြေရဲစခန်းမှ ရဲအုပ်စိုးဝင်းနှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ နတ်ကြီးစင်အနီးရှိ ယာတဲတွင် ဝင်ရောက်ရှာဖွေခဲ့ရာ မိုးညှင်းမြို့နယ်၊ ညောင်ကိုင်းကျေးရွာမှ အသက် ၄၀ ခန့်ရှိ မမူ(ခ)မခွဲ့နှင့်အတူ မြိုင်သာယာကျေးရွာမှ အသက် ၄၈ နှစ်ခန့်ရှိ ငြိမ်းစိုးဆိုသူတို့ နှစ်ဦးကို တွေ့ရှိခဲ့ပြီး မမူ ပွေ့ပိုက်ထားသော အဝါရောင်ပီနံအိတ်အတွင်းမှ ရောင်စုံဆပ်ပြာခွက်များဖြင့်ထည့်ထားသည့် ဖြူ/ဝါကြားအမှုန့် ၁၀ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၆ ခွက်နှင့် အပြာရောင်ကပ်ခွာအိတ်အတွင်းမှ ၈၈/၁ တံဆိပ်ပါ ဆေးပြား ၂၀၀ပြားစီပါ ၂၀ထုပ်၊ စာတမ်းမပါပန်းရောင်ဆေးပြားအပြား ၂၀၀ စီပါ အထုပ် ရှစ်ထုပ် (စုစုပေါင်းကာလတန်ဖိုးကျပ် ၂၈၆ သိန်း ခန့်)နှင့်အတူ မြန်မာငွေစက္ကူရေရာ ကျပ် ၇၄၀၀၀ တွေ့ရှိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးနှင့်အတူ တွေ့ရှိခဲ့သော မမူနှင့်ငြိမ်းစိုးတို့ကို မယ(ပ)၁၃၅/၂၀၁၈၊ မူးစိတ်ပုဒ်မ-၁၉(က)/ ၂၀(က)/၂၂ ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း မိုးညှင်းမြို့မရဲစခန်းက သိရသည်။

ထွန်းထွန်း(မိုးညှင်း)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၃၆၀၀၀ကျပ် |
| ပေါ်ဆန်မွှေးတစ်အိတ် | ၆၇၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| အိမ်ကြက် | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် | ၅၀၀၀ကျပ် |
| ဝက်သား | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး ၁ပိဿာ | ၁၀၀၀ ကျပ် |
| ကုလားပဲ | ၂၅၀၀ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆီ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် ၁ပိဿာ | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |







# ကချင်ပြည်နယ်အတွင်းမှ လူငယ်များအတွက် ပညာ့တံခါးအကယ်ဒမီတွင် ကျောင်းဝင်ခွင့်နှင့် ပညာသင်ထောက်ပံ့စရိတ် လျှောက်ထားနိုင်ပြီ

မြစ်ကြီးနား၊ ဩဂုတ် ၁၆

မြစ်ကြီးနားမြို့၊ အူဗျစ် - အာလမ်ကျေးရွာအုပ်စုရှိပညာ့တံခါးအကယ်ဒမီကျောင်းသို့ တက်ရောက်လိုသူများအနေဖြင့် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာသင်ထောက်ပံ့စရိတ်ကိုလည်း လျှောက်ထားနိုင်ကြောင်း သိရသည်။



ပညာ့တံခါး အစီအစဉ်သည် Classroom learning ဖြစ်သည့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ အစရှိသော ဘာသာရပ်များအပြင် အခြေခံလူမှုရေးဘာသာရပ်များကို သင်ကြားပေးနေကြောင်း ကျောင်းဒါရိုက်တာ ဦးသောမတ်(စ်)ဇော်ရိန်က မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

Learning လို့ ပြောတဲ့အခါကျရင် ကျွန်တော်တို့ဆီမှာ ကဏ္ဍတစ်ခုတည်းကိုပဲ Particularly learning လို့ ပြောလို့မရဘူး။ အားလုံးပေါင်းပြီးမှ Learning တစ်ခုဖြစ်တယ်၊ Classroom base learning ရှိမယ်။ Service Learning ရှိမယ်။ Civic Engagement ရှိမယ်။ Internship ရှိမယ်။ အဲ့ဒါတွေအားလုံးပေါင်း ကျောင်းသားတွေရဲ့ Learning လို့ ပြောတယ်”ဟုဦးသောမတ်(စ်)ဇော်ရိန်က ပြောသည်။

လျှောက်ထားလိုသူများသည် အသက် ၁၆ နှစ်နှင့်အထက် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ အမှန်တကယ် စိတ်အားထက်သန်ပြီး စာသင်နှစ်ကာလကို ပြီးမြောက်အောင် တက်ရောက်နိုင်သူဖြစ်ရမည် ဖြစ်ကြောင်း သိရသည်။

ပညာသင်ထောက်ပံ့ကြေး (scholarship) လျှောက်ထားလိုသူများသည် ငွေကြေးအခက်ခဲရှိပြီး ပညာသင်ယူလိုစိတ်ပြင်းပြသူ၊ နယ်ဝေးဒေသများမှ သင်တန်းသူ/သားများ၊ ကျောင်းအားလပ်ရက်များတွင် ကျောင်းဝေယျာဝစ္စများကိုကူညီနိုင်သူနှင့် ကျောင်းတက်နေစဉ် ပညာရေးလစဉ်တိုးတက်မှုရှိသူများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းလျှောက်လွှာများကို နိုဝင်ဘာလ ၁ ရက်နေ့နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ပညာ့တံခါးအကယ်ဒမီတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ကြောင်း သိရသည်။

ယင်း Program ကို စာသင်နှစ်ဝက်(semester) လေးခုခွဲ၍ နှစ်နှစ်ကြာ တက်ရောက်ရမည်ဖြစ်ပြီးလက်ရှိတွင်ဆရာ/မဦးရေ၈ယောက်၊ အလုပ်သင် ၂ ယောက် နှင့် volunteer များဖြင့် သင်ကြားပေးနေကြောင်း သိရသည်။

ပညာ့တံခါးအကယ်ဒမီကို ၂၀၁၂ခုနှစ်မေလမှစတင်ခဲ့ရာ ကျောင်းသူ/သားဦးရေ စုစုပေါင်း ၁၅၀ ခန့် မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို Program ဖွင့်လှစ်ရခြင်းမှာ လူငယ်များအတွက် အခွင့်အရေးသစ်များကို ဖန်တီးပေးပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အရည်အသွေးပြည့်မီသော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန်နှင့် တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

Ann/ မျိုးမြတ်မြတ်ပန်

# ရီ ဖောင်ဒေးရှင်းက ဟူကပ်ရွာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်း

မြစ်ကြီးနား၊ ဩဂုတ် ၁၅

မြစ်ကြီးနားမြို့နယ်၊ဟူကပ်ကျေးရွာအလယ်တန်းကျောင်းခွဲတွင် ရီဖောင်ဒေးရှင်းနှင့် ဟူကပ်ကျေးရွာတို့ ပူးပေါင်းပြီး ဆောက်လုပ်လှူဒါန်းခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။



အဆိုပါ နှစ်ထပ်ကျောင်းဆောင်မှာ စာသင်ခန်းနှစ်ခန်းပါဝင်သည့် RC အမျိုးအစားနှစ်ထပ်ဆောင်ဖြစ်ကာ စာရေးထိုင်ခုံပရိဘောဂများ မပါဘဲ ကျပ်သိန်းပေါင်း သုံးရာကျော်ခန့်ကုန်ကျခဲ့ကြောင်း သိရသည်။

ထိုသို့ ပညာရေးဌာနသို့ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းသည့်အတွက် ပညာရေးဌာနတစ်ခုလုံးက ကျေးဇူးတင်ဝမ်းသာပျော်ရွှင်ကြောင်း ပြည်နယ်ပညာရေးမှူးဒေါ်ခင်သန်းနွဲ့က မီဒီယာများအား ပြောကြားခဲ့သည်။

“ကျွန်မတို့ ပညာရေးဌာနအနေနဲ့ နှစ်စဉ်နှစ်တိုင်း ဌာနကနေပြီးမှ အဆောက်အဦရန်ပုံငွေတွေကတော့ ချပေးလျက်ရှိနေပါတယ်။ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးမှ အဆောက်အဦတွေ ခွဲဝေပေးနေပေမယ့်လည်း၊ ကျွန်မတို့ ကချင်ပြည်နယ်တစ်ခုလုံးရဲ့ လိုအပ်ချက်နဲ့ဆိုရင် လိုအပ်တဲ့ကျောင်းတိုင်းကို မပေးနိုင်ခဲ့ပါဘူး”ဟု ဒေါ်ခင်သန်းနွဲ့က ပြောသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ဇွန်လ ၈ ရက်နေ့တွင် စတင်ဆောက်လုပ်ပြီး ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်သည့်အတွက် ရွာတွင်ပညာတတ်များ တိုးပွားလာရန် မျှော်လင့်ပြီး ဆက်လက်၍လည်း ကချင်ပြည်နယ်အတွင်း လှူဒါန်းမှုများ ဆောင်ရွက်သွားမည်ဟု ရီဖောင်ဒေးရှင်းအဖွဲ့ဝင်ဦးခက်ထိန်နန်က မီဒီယာများကို ပြောကြားသည်။

“ကချင်ပြည်နယ်ရဲ့ ဘယ်ဒေသ၊ ဘယ်မြို့နယ်မှာပဲဖြစ်ဖြစ် လိုအပ်တဲ့နေရာတွေမှာတော့ လိုက်လှူသွားမှာပါ”ဟု ဦးခက်ထိန်နန်က ပြောသည်။

ထိုကျောင်းဆောင်သစ် လွှဲပြောင်းခြင်းအခမ်းအနားသို့ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဇော်အောင်၊ ပြည်နယ်ပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူးတို့နှင့် ရီဖောင်ဒေးရှင်းတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဟူကပ် အလယ်တန်းကျောင်းခွဲတွင် ဆရာဆရာမ ၁၄ ဦးနှင့် ကျောင်းသူကျောင်းသား ၃၀၄ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)




## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ဝိုင်းမော်မြို့နယ်၊မဒိန်အုပ်စု၊ လဘန်ကျေးရွာ
ဝိုင်းမော်မြို့၊ အ.ထ.က(၁) နဝမကျောင်း၌ တက်ရောက်နေသူ
မနုဝေဦး၏မိဘနှစ်ပါးအမည်သည် ကျောင်းစာရင်းတွင်
ဦးလောဖုနှင့် ဒေါ်မြင့်မြင့်ဦးဟု မှားယွင်းနေပါသဖြင့်၏
ဖခင်အမည်ကို ဦးမြင့်ဦး၊ အမိအမည်ကို ဒေါ်ချစ်မွှံဟု ပြင်ဆင်
ခေါ်ဆိုကြရန် အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်ဦး + ဒေါ်ချစ်မွှံ
လဘန်ကျေးရွာ၊ ဝိုင်းမော်မြို့

# လတ်တလော ဖမ်းဆီးရမည့်သည့် တရုတ်မြေဩဇာနှင့် ပိုးသတ်ဆေးအကြောင်း သဘာဝပတ်ဝန်းကျင်အကြံပေး ဆရာဘရန်အောင်နှင့် အမေးအဖြေ



**ကချင်ပြည်နယ်အတွင်းက ငှက်ပျောစိုက်ခင်းတွေမှာ အသုံးပြုနေတဲ့ တရုတ်ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေကို သုံးစွဲခြင်းကြောင့် မြေထု၊ လေထု၊ ရေထုကို ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်သလဲ၊ ပြီးတော့ တောင်ပေါ်က မြေရှားထုတ်ယူမှုရဲ့ အကျိုးအဆက်တွေ ရှိနိုင်သလဲဆိုတာတွေနဲ့ပတ်သက်ပြီး The Northern Green Lights/ Kachin Conservation Work Group (TNGL / KCWG)အဖွဲ့က အကြံပေးဆရာ ဘရန်အောင်ကို မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်မေးမြန်းထားတာကို ဖော်ပြပေးလိုက်ပါတယ်။**

**ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း ဆဒုံးဂိတ်မှာဩဂုတ်လ ၂ရက်ကဖမ်းဆီးလိုက်တဲ့ တရားမဝင် မြေဩဇာတွေကြောင့် ကျွန်မတို့ပြည်နယ်ကမြေတွေ ဘယ်လိုဖြစ်သွားနိုင်သလဲဆိုတာ ဆရာအမြင်လေး သုံးသပ်ပြောကြားပေးပါရှင်။**

အဲဒီဓာတ်မြေဩဇာတွေက သူတို့နိုင်ငံမှာရော တကယ်သုံးလို့ရတဲ့ ဓာတ်မြေဩဇာတွေလားဆိုတာ ပြည်နယ်အစိုးရကသိဖို့လိုတယ်။ တကယ်လို့သူတို့နိုင်ငံမှာသုံးလို့မရတဲ့ ဓာတ်မြေဩဇာတွေဖြစ်နေပြီးမှ ကျွန်တော်တို့နိုင်ငံမှာပဲ လာသုံးနေတာဆိုရင် ဘယ်လိုမျိုးနှစ်နိုင်ငံအစိုးရကတရားဥပဒေနဲ့ ဖြေရှင်းမလဲ။ တရားရေးကို ဘယ်လိုသွားသင်သလဲဆိုတာ ပြင်ဆင်ထားသင်တယ်။ ဓာတ်မြေဩဇာမဟုတ်ဘဲနဲ့ မြေဆီလို့ သတင်းမှာဖတ်ရပါတယ်။

ဘယ်လိုမျိုးမြေဆီလည်းဆိုတာသိသင့်တယ်။ Compound မြေဩဇာကို ပြောချင်တာလား၊ (topsoil) အပေါ်ယံမြေဆီလွှာမြေဩဇာကို ပြောချင်တာလားဆိုတာ သိဖို့လိုတယ်။ အဲဒီမြေဩဇာတွေမှာ ဓာတုအချိုးအစား ဘယ်လောက်ပါသလဲဆိုတာ ECD ကနေမဟုတ်တောင်မှ စိုက်ပျိုးရေးဌာနက နေဓာတ်ခွဲပြီးတော့ သိသင့်တယ်။ ဘာကြောင့်ပြောရသလဲဆိုရင် ကချင်ပြည်နယ်ရဲ့ မြေကြီးတွေဟာ ရေရှည်တည်တံ့တဲ့စိုက်ပျိုးမြေတွေဖြစ်ဖို့အတွက်၊ ပြည်သူလူထုတွေသိဖို့အတွက် သတင်းထုတ်ပြန်သင့်တယ်။ ဓာတ်မြေဩဇာတွေဟာ ဘယ်လိုအမျိုးအစားပဲဖြစ်ဖြစ် သေချာလေ့လာပြီး ပြည်သူတွေကို ချပြသင့်တယ်လို့မြင်တယ်။ ဒီလောက်ဝင်ထွက်သွားလာနေတာ အခုကျမှ ဘာလို့ဖမ်းတာလဲ၊ ဘာအကြောင်းကြောင့်လဲဆိုတာကို ပြည်သူတွေကို ချပြစေချင်တယ်။ ကန်ပိုင်တီဂိတ်နဲ့ လွယ်ဂျယ်ဂိတ်ဆိုပြီး တရားဝင်လမ်းကြောင်းက နှစ်ခုပဲရှိတယ်။ တရားဝင်လမ်းကြောင်းကနေ ဘာလို့တရားမဝင်တာတွေက ဝင်နေရတာလဲ။ အဲဒီနေရာမှာကော ပစ္စည်းတွေကို အရေအသွေးကောင်းမွန်မှုကို စစ်နေတဲ့အဖွဲ့တွေ ရှိသလား။ ဝန်ထမ်းလိုအပ်ချက်ဆိုတာ နေရာတိုင်းမှာရှိတယ်။ ဒါပေမယ့် တရားမဝင်ပဲ ဝင်လာတဲ့ပစ္စည်းတွေက အခွန်မကောက်လို့၊ မပေးလို့ တရားမဝင်တာလားဆိုတာထက် တကယ်ပဲသူများနိုင်ငံမှာတကယ်မသုံးသင့်တော့တဲ့ ပစ္စည်းတွေကပဲ တရားမဝင်တာလားဆိုတာကို အစိုးရကပြောသင့်တယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အနေနဲ့အဲဒီလိုမြင်တယ်။ တရားဝင်လမ်းကြောင်းက ဝင်လာတဲ့ပစ္စည်းက တရားမဝင်ဘူးဖြစ်သွားတယ်ဆိုတာက ပြည်နယ်အတွင်း ဘယ်လိုပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်သလဲ။ တရားဝင်ဂိတ်ကဝန်ထမ်းတွေက ဘာကြောင့်လွှတ်ရတာလဲ။ ဝန်ထမ်းတွေကို ဘယ်လိုစစ်ဆေးမှုတွေ ရှိသလဲ။ ထွေအုပ်မှာလည်း ပစ္စည်းဖမ်းတာနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်နေတယ်ဆိုတာကို မီဒီယာကနေတစ်ဆင့် ပြည်သူတွေကို ပွင့်လင်းမြင်သာအောင် ချပြစေချင်တယ်။

လူမှုစာမျက်နှာ Facebook ပေါ်မှာရေးတာက ခိုင်လုံတဲ့သတင်းမဖြစ်ဘူး။ တရားဝင်လမ်းကြောင်းကနေ မီဒီယာတွေကိုခေါ်ပြီး ပြည်သူတွေသိအောင်ချပြတာက ပိုပြီးတော့ သိက္ခာရှိတယ်။ တရုတ်ပြည်ကဝင်လာတဲ့ မြေဩဇာမြေဆီတွေနဲ့ ပိုးသတ်ဆေးတွေကို အခုမှဘာကြောင့် ဖမ်းရတာလဲဆိုတာ အရမ်းကိုစိတ်ဝင်စားစရာကောင်းတဲ့ အပိုင်းဖြစ်ပါတယ်။

**ကချင်ပြည်နယ်မှာ အခုဖမ်းမိတဲ့မြေဩဇာမြေဆီနဲ့ ပိုးသတ်ဆေးတွေကို အသုံးပြုလိုက်ခြင်းအားဖြင့် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိနိုင်သလဲ။**

မြေကြီးမှာက သူ့အချိုးအစားနဲ့သူ ရှိပြီးသာဖြစ်တယ်။ နိုက်ထရိဂျင်၊ ဖော်စဖော်ရက်၊ ပိုတက်ဆီရမ်ဆိုပြီး သုံးမျိုးရှိတယ်။ မြေဩဇာတွေမှာလည်းပါတယ်။ အဲဒါတွေကို ငှက်ပျောခြံတွေမှာ နည်းစနစ်ကျကျအသုံးပြုနေတာကို စောင့်ကြည့်နေသလား။ ပိုးသတ်ဆေးတွေကို အသုံးပြုလိုက်ခြင်းကြောင့် မြေ၊ လေထဲမှာရှိနေတဲ့ အကျိုးပြုတဲ့ပိုးမွှားတွေကို ဘယ်လောက်ထိ ထိခိုက်သွားသလဲ ဆိုတာတွေကို စဉ်းစားပြောဆိုသင့်တယ်။ ဖမ်းဆိုပြီးဖမ်းလိုက်တာမျိုးက အဖြေမဟုတ်ဘူး။ နောက်တစ်ခါထပ်ဝင်လာရင်ရောဘယ်လိုလုပ်ဖို့စီစဉ်ထားသလဲ။ ရေရှည်တည်တံ့တဲ့ မြေအသုံးချမှုပိုင်းဆိုင်ရာမှာ မြေတွေမပျက်စီးသွားဖို့အတွက် ဝိုင်းမော်မြို့က ငှက်ပျောလုပ်ငန်းရှင်များအသင်းနဲ့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ငှက်ပျောစိုက်ပျိုးရေးပြဿနာဖြေရှင်းရေး ကော်မတီက ဘယ်လိုတာဝန်ယူမှု၊ တာဝန်ခံမှုတွေ ရှိသလဲ။ ဘာတွေလုပ်ဆောင်နေသလဲ။ ပြည်နယ်အစိုးရမှာ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ သိတယ်။ အကျိုးအမြတ်ရတဲ့အပိုင်းနဲ့ ထိခိုက်နစ်နာမှုအပိုင်းကို အစီရင်ခံစာတွေ၊ သုတေသနတွေလုပ်သင်တယ်။ ဖမ်းဆီးရမိထားတဲ့ ဓာတ်မြေဩဇာမြေဆီနဲ့ ပိုးသတ်ဆေးတွေ အသုံးပြုလုပ်လို့ မြေကြီးဘယ်အတိုင်းအတာအထိ ပျက်စီးသွားသလဲ။ ဘယ်လိုထိန်းသိမ်းမလဲ။ နောင်လာမည့် မျိုးဆက်တွေအတွက် ဘယ်လိုဆိုးကျိုးတွေ၊ အကျိုးသက်ရောက်မှုတွေ ရှိလာနိုင်သလဲ။ အကျိုးတွေခံစားနေရတယ်ဆိုပေမယ့် နောင် သုံးနှစ်၊ ငါးနှစ်မှာ ဘယ်လိုပိုးတွေ ကျလာနိုင်မလဲဆိုတာကို ပြင်ဆင်လေ့လာထားသင့်တယ်။ မြန်မာနိုင်ငံမှာလည်း မြေဩဇာ၊ မြေဆီတွေနဲ့ ပိုးသတ်ဆေးတွေထုတ်တဲ့ ကုမ္ပဏီတွေရှိတယ်။ နိုင်ငံသားတွေရဲ့ ကုမ္ပဏီတွေကိုလည်း ထည့်စဉ်းစားပေးစေချင်တယ်။ နိုင်ငံတွင်းမှာသုံးနေတဲ့ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ ကုမ္ပဏီတွေ အားလုံးတောင်မှ အစိုးရက အခွန်ငွေများများ ဝင်နိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတွင်းကုမ္ပဏီတွေကိုလည်း ထည့်သွင်းစဉ်းစားပေးစေချင်တယ်။ တရုတ်နိုင်ငံက တင်သွင်းလာတဲ့ မြေဩဇာတွေကိုပဲ ငှက်ပျောစိုက်ခင်းမှာ သုံးရမယ်ဆိုမယ်ဆိုရင် ဈေးကွက်ကို လက်ဝါးကြီး အုပ်တယ်လို့ခေါ်တယ်။ သူတို့က အခွန်မဆောင်ထားတဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေကိုပဲသုံးမယ်ဆိုရင် မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေအတွက် များစွာနစ်နာမှုတွေ ရှိတယ်။ ဒါတွေကို တင်းတင်းကြပ်ကြပ်လုပ်မယ်ဆိုရင် လူထုနဲ့အစိုးရအတွက် အကျိုးရှိမှာဖြစ်ပါတယ်။

**မြေရှားလို့ခေါ်တဲ့ အကြောင်းကိုလည်း သိပါရစေ။**

မြေရှားလို့ခေါ်တယ်။ အဲဒါကဘာလဲဆိုရင် ဒြပ်စင်ပေါင်း၁၄မျိုးပါတယ်။ ရက်အပ်မိုင်းနင်းလို့ခေါ်တယ်။ ဈေးကွက်က ဂျပန်မှာရှိတယ်။ ကမ္ဘာမှာ တင်ပို့မှုအများဆုံးက တရုတ်နိုင်ငံဖြစ်တယ်။ အခြားနိုင်ငံမှာလည်း ထုတ်လို့ရတယ်။ ဒါပေမယ့်ဆိုးကျိုးများတဲ့အတွက် ဘယ်သူမှမထုတ်ကြဘူး။ အဲဒါကိုဘာကြောင့် ကျွန်တော်တို့နိုင်ငံမှာပဲလာပြီး လုပ်နေရသလဲဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ အဲဒါထုတ်တာက မြေကြီးတွေ၊ ရေတွေ၊ အဲဒီနေရာတဝိုက်မှာရှိတဲ့ စိုက်ခင်း၊ မြေဆီလွှာတွေ၊ မြေအောက်ရေသားကောင်တွေ၊ အပင်တွေအားလုံးကို ပျက်စီးစေတဲ့အရာဖြစ်ပါတယ်။ အဲဒီရေကိုထိရင်ယားတယ်။ သူတို့သုံးတဲ့ အက်စစ်က အရမ်းပြင်းတယ်လို့ပြောတယ်။ ဘာအက်စစ်လဲဆိုတာတော့မသိဘူး။ အဲဒီအက်စစ်ထည့်လိုက်တာနဲ့ မြေကြီးထဲမှာရှိနေတဲ့ ရေတွေကို စုတ်တင်ပြီး ကန်ကြီးထဲမှာ ကယ်မီကယ်ကွန်ပေါင်းတွေ ရောထားလိုက်တယ်။ ပြီးတော့သူတို့က တောင်ပေါ်မှာ အပေါက်တွေဖောက်ထားပြီး အဲဒီအပေါက်ထဲကို အဲဒီရေတွေကို ထည့်လိုက်တယ်။ အဲဒီရေတွေကစုပြီး သူတို့ပြန်ခံထားတဲ့အပေါက်ကနေ ပြန်ထုတ်တယ်။ အဲဒီပြန်ထွက်လာတဲ့ အရည်တွေက နို့အရောင်လိုပြန်ထွက်လာတယ်။

အဲဒီဒေသက မြေကြီးကလုံးဝကိုသုံးလို့ကို မရတော့ဘူး။ အားလုံးပျက်စီးသွားလို့ အဲဒီမြေကြီးကအဆိပ်လွှမ်းတဲ့မြေကြီးဖြစ်သွားတယ်။ ပြီးတော့ အဲဒီကထုတ်လိုက်တဲ့ရေတွေက ချောင်းတွေ၊ မြစ်တွေထဲကိုစီးဝင်ပြီး ရေနေသတ္တဝါတွေကို သေကြေပျက်စီးသွားနိုင်တယ်။ အဲဒီရေက အခြားကို စီးဆင်းသွားတာဖြစ်တဲ့အတွက် အခြားဒေသက လူတွေကအဲဒီရေကို သုံးစွဲရင် လူတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ မြေအောက်ရေတွေကိုလည်း ပျက်စီးစေနိုင်ပါတယ်။ အဲဒီချောင်းတွေ မြစ်တွေ၊ ရေတွေကအဆိပ်လွှမ်းတဲ့ရေတွေဖြစ်သွားတော့မှာ ဖြစ်တယ်။ ကမ္ဘာပေါ်မှာအင်မတန်မှဓာတုရုပ်ကြွင်းများတဲ့ရေဖြစ်တဲ့အတွက်အဲဒီဓာတုရုပ်ကြွင်းကိုပြန်စားတဲ့ သူကဘာဖြစ်မလဲဆိုတာကို စဉ်းစားစရာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာက အဲဒါတွေနဲ့ပတ်သက်ပြီး လိုက်ပြီးတော့ သုတေသနလုပ်ထားတာ၊ လေ့လာထားတာတွေ မရှိဘူး။ သူများနိုင်ငံတွေနဲ့ တရုတ်မှာတော့ လုံးဝလုပ်ခွင့်မပေးထားဘူး။ တရုတ်က အဲဒီပညာကို တရုတ်မှာ ၇ နှစ် သွားသင်ယူခဲ့တယ်လို့တော့ သိရတယ်။ ကမ္ဘာမှာ ရက်အပ်မိုင်းနင်း ဈေးကွက်အကြီးဆုံးက တရုတ်နိုင်ငံဖြစ်တယ်။ တင်ပို့တဲ့နိုင်ငံက ဂျပန်နိုင်ငံကို ရောင်းတယ်လို့ ကြားတယ်။ တောင်ကရလာတဲ့နို့လို ရေတွေကို အိုးထဲမှာထည့်ပြီး မြေအိုးဖုတ်သလို ပြန်ဖုတ်လိုက်တယ်။ ကြေးနီရောင်ပေါက်တဲ့ ချိ(ပ်)လေးတွေကို အိတ်နဲ့ချုပ်ပြီးတော့မှ ယူသွားတယ်။

**တခြားဒေသတွေကိုလည်း ထိခိုက်စေနိုင်သလား။ အဲဒါတွေနဲ့ ဘာတွေလုပ်သလဲ။**

ချီဖွေငယ် နန်းဦးရေအားလျှပ်စစ်စက်ရုံရဲ့ ရေမှာထားထားတဲ့ ဒလက်ကြီးကိုရက်အပ်မိုင်းနင်းလုပ်တဲ့ တောင်ကထွက်လာတဲ့ရေက စားသွားတဲ့အတွက်တဲ့ ECD အဖွဲ့က နေသွားပြီး ကွင်းဆင်းတယ်။ သူကတော့ အဲဒါကို အီလက်ထရောနစ် ဖုန်းတွေလုပ်တဲ့နေရာမှာ ကွန်ပြူတာတွေ၊ မက်မိုရီချိ(ပ်)တွေလုပ်တဲ့ နေရာမှာသုံးတယ်လို့သိရပါတယ်။ အဲဒါတွေလုပ်တဲ့နေရာမှာ အရေးပါတဲ့အရာဖြစ်တယ်။ ကမ္ဘာ့ဆက်သွယ်ရေးလုပ်ငန်းတွေမှာ မရှိမဖြစ်လိုအပ်တဲ့အရာလို့ သိရတယ်။ ပိုပြီးသိရအောင် သုတေသနထပ်လုပ်ရမယ်။ ရက်အပ်မိုင်းနင်း လုပ်တာက နောက်ဆုံးအချုပ်ပြောရရင် လူသားမျိုးနွယ်နဲ့ ပတ်ဝန်းကျင်ကို ဘာမှမကျန်အောင် အမြစ်ပြတ်၊ ပျက်စီးပြုန်းတီးသွားအောင်လုပ်တဲ့ ပုံစံမျိုး လုပ်နိုင်တယ်။

မြေကြီးပြိုတာတို့၊ မိုးရေကနေတစ်ဆင့် ချောင်းထဲကိုရောက်သွားတာ၊ သောက်သုံးရေထဲရောက်သွားတာ၊ လေထဲကို ရောက်သွားတာတို့ဖြစ်လို့ရှိရင် လူတွေကိုဘာဖြစ်စေနိုင်သလဲဆိုတာတွေက စဉ်းစားစရာဖြစ်ပါတယ်။

**ဘယ်အချိန်ကတည်းက စတင်လုပ်ဆောင်လာခဲ့တာလဲ။**

အဲဒါကို ၁၉၉၄ ခုနှစ်လောက်ကစပြီး သန္ဓေတည်လာခဲ့တဲ့အပိုင်းတွေ ရှိပါတယ်။ ပန်ဝါမှာလုပ်တယ်၊ ဖီမော်၊ စင်ကြိုင်မှာလုပ်တယ်၊ ကန်ပိုင်တီမှာ လုပ်တယ်ဆိုတာတော့သိထားတယ်။ ကျန်တဲ့နေရာတွေမှာလည်း လုပ်သလားဆိုတာမသိဘူး။ သူတို့ရဲ့ လုပ်ငန်းကြီးတွေကြောင့် သဘာဝပတ်ဝန်းကျင် ဘယ်လောက်ထိ ထိခိုက်နစ်နာသွားသလဲ။ ရေရှည်မှာကော ပြန်လည် ကောင်းလာနိုင်သလား။ လူတွေ နာလန်ထူနိုင်မလားဆိုတာကို ချပြပေးသင့်ပါတယ်။ အခုဖမ်းထားတဲ့ ဓာတ်မြေဩဇာတွေက သူတို့ အဲဒီ ရက်အပ်မိုင်းနင်းလုပ်တဲ့ နေရာမှာရော သုံးနေသလားဆိုတာ စဉ်းစားစရာပါပဲ။

**ဖမ်းဆီးရမိထားတဲ့ မြေဩဇာ ပိုးသတ်ဆေးတွေနဲ့ ပတ်သက်ပြီး နောက်ထပ်ဘာများဖြည့်စွက်ပြောပြချင်သလဲ။**

ဒီကိစ္စကို အစိုးရ၊ ကုမ္ပဏီနဲ့ လူထုတွေ ပူးပေါင်းပြီးတော့ ပွင့်လင်းမြင်သာအောင် ချပြသင့်တယ်လို့ မြင်ပါတယ်။ ဘာကြောင့် အဲဒါကိုလာသုံးစွဲတာလဲ။ ကျွန်တော်တို့နိုင်ငံရဲ့ မြေကြီးတွေကို ပျက်စီးစေချင်လို့လားဆိုတာကို ကောင်းကောင်းလေ့လာသင့်တယ်လို့ မြင်ပါတယ်။ သက်ဆိုင်ရာဌာနကလည်း မီဒီယာနဲ့တွေ့ပြီးရက်အပ်မိုင်းနင်းအကြောင်းကိုလည်း ကောင်းကောင်းချပြသင့်တယ်။ မြေဩဇာနဲ့ ပိုးသတ်ဆေးတွေလည်း တရားမဝင်ဘဲဝင်တာ ဘယ်လောက်ရှိပြီလဲ။ ဘာကြောင့်အခုမှပဲ လာဖမ်းရတာလဲ။ အရင်တုန်းကရော ဘယ်လောက်ထိ ဝင်ပြီးပြီလဲဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။

မွန်းမွန်းပန်

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
( ဩဂုတ် ၂၀ ၊ ၂၀၁၈ )

## မန်စီးတီးကစားသမား ကီဗင်ဒီဘရူနေး၏ ဒူးဒဏ်ရာမှာ သတင်းများတွင် ဖော်ပြနေသလောက် ပြင်းထန်မှုမရှိဟု ၎င်း၏အေးဂျင့်ဖြစ်သူ ငြင်းဆို




၂၀၁၆ ခုနှစ်အတွင်းက ဘယ်လ်ဂျီယံအသင်းနှင့်အတူ ဒီဘရူနေး ဒူးဒဏ်ရာရရှိခဲ့စဉ်

မန်စီးတီးအသင်း၏ ကွင်းလယ်တိုက်စစ်ကစားသမား ဒီဘရူနေး၏ ဒူးဒဏ်ရာမှာ သတင်းများတွင် ဖော်ပြနေသလောက် ပြင်းထန်မှုမရှိဘဲ သာမန်ထိခိုက်မိခြင်းသာ ဖြစ်ပြီး သတင်းများမှာ လိုအပ်သည်ထက် ပို၍ လိမ်ညာဖော်ပြနေကြခြင်းသာ ဖြစ်ကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူ ပက်ထရစ်ဒီကော့စ်တာက ထုတ်ဖော်ပြောဆိုလိုက်သည်။

သတင်းများအရ အသက် ၂၇ နှစ်အရွယ် မန်စီးတီးကစားသမားဒီဘရူနေးသည် မန်စီးတီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တစ်ခုတွင် ထိခိုက်မိခဲ့ပြီး ဒူးဒဏ်ရာရရှိခဲ့သည်ဟု မန်စီးတီးအသင်းက အတည်ပြုခဲ့သည်။ သို့သော် အဆိုပါဒဏ်ရာအား ဥရောပမီဒီယာအချို့က ၂၀၁၆ ခုနှစ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာနှင့် ဆင်တူဒဏ်ရာမျိုးဖြစ်ပြီးကာလရှည်အနားယူရနိုင်ဖွယ်ရှိသည်ဟု အခိုင်အမာဖော်ပြခဲ့ကြသည်။ အဆိုပါဖော်ပြချက်များနှင့်ပတ်သက်၍ ကစားသမား၏အေးဂျင့်ဖြစ်သူ ကော့စ်တာက "ကျွန်တော် ကီဗင်နဲ့ စကားပြောပြီးပါပြီ။ သူ လေ့ကျင့်ရေးကွင်းမှာ သာမန်ဒူးဒဏ်ရာပဲ ရခဲ့တာပါ။ ဒူးအရွတ်စုတ်ပြဲသွားတယ်ဆိုတာလုံးဝမဟုတ်ပါဘူး။ အလိမ်အညာတွေပါ"ဟု Sportza သတင်းစာသို့ ပြောဆိုခဲ့သည်။ ဒီဘရူနေးသည် အဆိုပါဒဏ်ရာကြောင့် ၂ လခန့် အနားယူရမည်ဟုလည်း သတင်းများက ခန့်မှန်းဖော်ပြလျက်ရှိသည်။

## အီဒင်ဟာဇက်၏အနာဂတ်နှင့်ပတ်သက်၍ စိုးရိမ်မှုမရှိကြောင်းချယ်လ်ဆီးနည်းပြ ဆာရီပြောဆို



ချယ်လ်ဆီး အသင်း၏ နည်းပြဖြစ်သူဆာရီက အသင်း၏ အဓိကတိုက်စစ်ကစားသမား အီဒင်ဟာဇက်၏ အနာဂတ်နှင့်ပတ်သက်၍ စိုးရိမ်ခြင်းမရှိဘဲ ချယ်လ်ဆီးအသင်း၌သာ ဆက်ရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘယ်ဂျီယံလက်ရွေးစင်တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်သည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက စပိန်ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်း၏ အဓိကပစ်မှတ်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူ ဖြစ်သည်။ ဟာဇက်၏ အပြောင်းအရွှေ့အနာဂတ်နှင့် ပတ်သက်၍ ဆာရီက "ကျွန်တော် ဟာဇက်နဲ့ ဆွေးနွေးကြည့်ပါတယ်။ အသင်းပြောင်းရွှေ့မယ် ဆိုတဲ့အကြောင်း သူ တစ်ခုမှ မပြောခဲ့ပါဘူး။ ဒီရာသီမှာတော့ သူ ကျွန်တော်တို့နဲ့အတူ ဆက်ရှိနေမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောဆိုလိုက်သည်။

## နည်းပြမော်ရင်ဟို၏ လက်အောက်တွင် မိမိပိုမိုတိုးတက်လာလိမ့်မည်ဟု ယုံကြည်ကြောင်း မန်ယူကွင်းလယ် လူငယ်ကစားသမား ပါရဲရား ပြောဆို




မန်ယူအသင်း၏ လူငယ်ကွင်းလယ်ကစားသမား အန်ဒရေပါရဲရားက ၎င်းသည် မန်ယူနည်းပြမော်ရင်ဟို၏ လက်အောက်တွင် ခြေစွမ်းပိုမိုတိုးတက်လာလိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘရာဇီးလ်လူငယ် ကွင်းလယ်ကစားသမားဖြစ်သူ ပါရဲရားသည် အသက် ၂၂ နှစ်အရွယ်သာရှိသေးပြီး မန်ယူအသင်းကိုစတင်ရောက်ရှိခဲ့သည့် ၂၀၁၄ ခုနှစ်ကတည်းက ပွဲထွက်ကစားခွင့်ရရန် ရုန်းကန်ခဲ့ရသူ ဖြစ်သည်။ သို့သော် ပါရဲရားသည် ယခုနှစ် ဘောလုံးရာသီနည်းပြ မော်ရင်ဟို၏ လက်အောက်တွင် စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၎င်းက "ကျွန်တော်နဲ့နည်းပြကြီး (မော်ရင်ဟို) ရဲ့ကြားမှာ အကောင်းဆုံးနားလည်မှု တည်ဆောက်နိုင်ခဲ့ပြီလို့ ကျွန်တော်ထင်ပါတယ်၊ ကျွန်တော့်ဘက်ကလည်း မနှစ်က ဗလင်စီယာမှာ အငှားကစားခဲ့တဲ့အချိန်ထက် ပိုကောင်းတဲ့ ပါရဲရားတစ်ယောက်ဖြစ်နေပြီလို့ ယုံကြည်ပါတယ်။ ကျွန်တော်ဒီထက်ပိုပြီးခြေစွမ်းပြနိုင်မှာပါ"ဟု Sky Sport သို့ ပြောကြားခဲ့သည်။

## ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲသည် မိမိတို့ စပါးအသင်းအတွက် အခက်ခဲဆုံးရာသီတစ်ခု ဖြစ်လာလိမ့်မည်ဟု နည်းပြပိုချက်တီနိုပြောဆို



ပရီးမီးယားလိဂ်ကလပ် စပါးအသင်း၏ နည်းပြဖြစ်သူပိုချက်တီနိုက ယခုနှစ်ဘောလုံးရာသီ၏ ပရီးမီးယားလိဂ်ပြိုင်ပွဲသည် စပါးအသင်းအတွက် အခက်ခဲဆုံးပြိုင်ပွဲတစ်ခု ဖြစ်လာလိမ့်မည်ဟု သုံးသပ်ပြောဆိုလိုက်ကြောင်း သိရသည်။

စပါးအသင်းသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ်တစ်ဦးမျှ ခေါ်ယူနိုင်ခြင်းမရှိခဲ့ဘဲ ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် နွေရာသီအပြောင်းအရွှေ့ကာလ အတွင်းကစားသမားသစ်ခေါ်ယူခြင်းမရှိသည့် ပထမဦးဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ရသည်။ နည်းပြ ပိုချက်တီနိုက သတင်းသမားများနှင့်တွေ့ဆုံရာတွင် "ပြီးခဲ့တဲ့ရာသီတွေထက် ဒီရာသီက အခက်ခဲဆုံးဖြစ်လာမယ်လို့ ထင်ပါတယ်။ အပြောင်းအရွှေ့ကာလမှာ ကျွန်တော်တို့ဆီကို ကစားသမားသစ်တစ်ဦးမှ ရောက်မလာခဲ့တာက အဓိကအချက်ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒါကိုဆင်ခြေပေးမနေဘဲ ၁၀၀ ရာခိုင်နှုန်း ပေးဆပ်ပြီး အလုပ်လုပ်ကြဖို့ လိုပါတယ်" ဟု သုံးသပ်ပြောဆိုခဲ့သည်။

## အသင်း၏ ဗဟိုခံစစ်နေရာအတွက် ကစားသမားအင်အားမှာ လုံလောက်မှုရှိနေပြီဟု လီဗာပူးအသင်းနည်းပြ ယာဂင်ကလော့ပ် ပြောဆို




ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်း၏ နည်းပြဖြစ်သူ ယာဂင်ကလော့ပ်က အသင်း၏ ဗဟိုခံစစ်ကစားသမားအင်အားမှာလုံလောက်မှုရှိနေပြီဟု ပြောဆိုလိုက်သည်။

လီဗာပူးအသင်း၏ လက်ရှိဗဟိုနောက်ခံလူစာရင်းတွင် ဗန်ဒိုက်၊ လိုဗရန်၊ မာတစ်၊ ကလာဗန်၊ ဂိုးမက်ဇ်တို့ရှိနေပြီး ကွင်းလယ်ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ဖာဘင်ဟိုမှာလည်း လိုအပ်ပါက ဗဟိုခံစစ်နေရာတွင် ကစားနိုင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။ အဆိုပါကစားသမားများထဲတွင် ကလာဗန်တစ်ဦးသာ အသင်းပြောင်းရွှေ့ရန် လှုပ်ခတ်နေပြီး ကျန်ကစားသမားများမှာ အသင်းတွင် ဆက်ရှိနေရန် သေချာသလောက် ရှိနေသည်။ ထို့ကြောင့် ယာဂင်ကလော့ပ်က "အသင်းရဲ့ဗဟိုခံစစ်ကစားသမားတွေထဲမှာ တစ်ဦးက အသင်းပြောင်းရွှေ့ဖို့ ဖြစ်လာနိုင်သလို တစ်ဦးက ဒဏ်ရာပြဿနာ ရှိနေပါတယ်။ ဒါပေမဲ့ လက်ရှိကစားသမားအင်အားအရ ဒါဟာ ပြဿနာမဟုတ်ပါဘူး။ လုံလောက်မှု ရှိပါတယ်" ဟု ပြောဆိုလိုက်သည်။

ကိုပြည့်စုံ (T.U)

# ကြွလှမ်းခဲ့ပါ လုံဂါပါ

မြစ်ကြီးနားမနောကွင်းရဲ့ အတွင်းဘက် ဧရာဝတီမြစ်ကမ်းနဘေးမှာ ဖွင့်ထားတဲ့ လုံဂါပါဆိုတဲ့ စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှိပါတယ်။ အဲဒီဆိုင်က ဆိုင်ထဲကို ဝင်လိုက်တာနဲ့ တခြားစားသောက်ဆိုင်တွေနဲ့ မတူတဲ့ အပြင်အဆင်တွေကို ပထမဆုံးတွေ့ရတယ်။ အခုခေတ်မှာ အဓိကလိုအပ်လာတဲ့ Car Parking မှာ ကားအစီးရေ ၂၀ - ၃၀ လောက် အသာလေးရပ်နားလို့ရခြင်းက လုံဂါပါရဲ့ ဆွဲဆောင်မှုတွေထဲက တစ်ခုဖြစ်မယ်။

ဒေသထွက်ဝါးတွေသောင်းကော့(တောထန်းရွက်)တွေနဲ့ တည်ဆောက်ထားတဲ့ဆိုင်ခန်းကြီးရဲ့ အဝင်ဝမှာကချင်ဝတ်စုံနဲ့ကြိုဆိုနေတဲ့မိန်းမပျိုပန်းပုရုပ်ဘေးကဖြတ်ပြီး ဆိုင်ခန်းထဲကိုဝင်လိုက်တဲ့အခါ သင့်စိတ်မှာရှိတဲ့ဖိစီးမှုတွေကိုအရည်ပျော်သွားစေမယ့်မဟော်ဂနီရောင်ပန်းပုလက်ရာတွေနဲ့ခမ်းနားလွန်းလှတယ်။ သောင်းကော့(တောထန်းရွက်)အမိုးရဲ့အောက်မှာပေါလစ်ရောင်တဝင်းဝင်းနဲ့စားပွဲနဲ့ထိုင်ခုံတွေ၊ သစ်သားပန်းပုရုပ်တွေက ဆိုင်လုံးပြည့်ပါပဲ။

ကုက္ကိုပင်ကို ထက်ခြမ်းခြမ်းပြီး ပက်လက်လှန်ထားတဲ့ စားပွဲရှည်ကြီးရဲ့ဘေးမှာ လက်ရာမြောက်သစ်သားထိုင်ခုံတွေနဲ့ ဝန်းရံထားတယ်။ လက်ရာမြောက်စွာ ပုံဖော်ထုဆစ်ထားတဲ့ သစ်သားခုံလေးတွေမှာ ထိုင်ရင်း မြစ်ပြင်ကိုဖြတ်သန်းတိုက်ခတ်လာတဲ့ အေးမြမြ လေပြေညင်းလေးနဲ့ မြစ်အရှေ့ဘက်ကမ်းက တောင်ကုန်းတောင်တန်းတွေ ရှုမျှော်ရတာဟာ ဂန္ထဝင်ပန်းချီကားတစ်ချပ်ကို ထိုင်ကြည့်နေရသလို ထည်ဝါခြင်းနဲ့ အေးမြခြင်း ပေါင်းစုခံစားရတယ်။ ဆိုင်ထောင့်လေးတွေမှာ ဆင်ထားတဲ့ sound box လေးတွေကထွက်လာတဲ့ ကချင်ရိုးရာသီချင်း အေးအေးလေးတွေနဲ့လည်း ပလဲနာမသင့်တယ်။

ပန်းပုလက်ရာတွေနဲ့ ပြည့်နှက်နေတဲ့ ပင်မဆိုင်ခန်းကြီးထဲမှာ Walkie Talkie ကိုယ်စီနဲ့ ပျားပန်းခတ် သွားလာနေကြတဲ့ ဆိုင်ဝန်ထမ်းမိန်းမပျိုလေးတွေက သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ရှိပါတယ်။ ဖော်ရွေတဲ့အပြုံးလေးတွေနဲ့ လိုက်ဖက်အောင်လည်း ယဉ်ကျေးချိုသာကြပါတယ်။

အဲဒီဆိုင်မှာ ကချင်ရိုးရာဟင်းအမယ်ပေါင်းစုံကို မှာကြားနိုင်ပြီး စားသောက်ရတဲ့အရသာက ပေးရတဲ့ ဈေးနှုန်းနဲ့ ထိုက်တန်ပါတယ်။ ပေါင်းခံပိုးသတ်ထားတဲ့ ပန်းကန်ခွက်ယောက်တွေကို အသုံးပြုတာကြောင့် သင့်ကျန်းမာရေးအတွက်လည်း စိတ်ချရပါတယ်။

ဒါ့အပြင် ကျောက်စိမ်းမြို့တော်ကထွက်တဲ့ ကျောက်စိမ်းအရိုင်းတွေကိုလည်း ဆိုင်အဝင် လမ်းဘေးဝဲယာမှာ စီရီထားတဲ့အပြင် ကျောက်သားစားပွဲနဲ့ ကျောက်သားခုံလေးတွေလည်း ရှိပါတယ်။ နေပူပူမှာတောင် ကျောက်သားလေးတွေက အေးလို့နေတယ်။ လုံဂါပါ(ကျောက်ဖျာ)ဆိုတဲ့ နာမည်နဲ့လိုက်ဖက်အောင် ပြင်ဆင်ထားတယ်။ ပင်မဆိုင်ခန်းမကြီးကို ဖြတ်ထွက်လိုက်ရင် ဧရာမသစ်မြစ်ဆုံကြီးကို ပက်လက်လှန်ပြီး စားပွဲတွေ၊ ထိုင်ခုံတွေ ထုလုပ်ထားတဲ့ စားသောက်ဝိုင်းကို တွေ့ရမှာပါ။ အဲ့ဒီ သစ်မြစ်ဆုံစားပွဲဝိုင်းကို မြင်ရသူတိုင်း အံ့ဩကြတယ်။ တစ်ဆိုင်လုံးမှာ အင်မတန်လှပပြီး လက်ရာမြောက်လှတဲ့ သစ်သားပန်းပုစားပွဲကြီးတွေနဲ့ ခင်းကျင်းထား တဲ့အပြင် သက်ငယ်အမိုးပေါ်ကနေ အမှုန်အမွှားတွေ ကျမလာအောင် ပလပ်စတစ်နဲ့လည်း ကာထားပေးပါတယ်။

စားသောက်ဆိုင်တစ်ဆိုင်အတွက် ဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်းတွေနဲ့ ဆင်ထားတာကို တစ်ပြည်တစ်ရွာက ရောက်လာသူတိုင်း အံ့ဩကြတယ်။ ဒါက ကချင်ပြည်နယ်ကိုအလည်လာတဲ့ ဧည့်သည်တွေကို မြင်စေတွေ့စေချင်တဲ့ ဆိုင်ရှင်ရဲ့ စေတနာပါ။

ရိုးရာအစားအသောက်တွေက သန့်ရှင်းလတ်ဆတ်တဲ့အပြင် ဈေးနှုန်းလည်း သင့်တင့်တာကြောင့် ဂုဏ်ပြုပွဲတွေ၊ နှုတ်ဆက်ပွဲတွေ၊ ညစာစားပွဲ တော်တော်များများ ဒီဆိုင်လေးမှာ မကြာခဏဆိုသလို လာရောက် ကျင်းပကြပါတယ်။ သဘောကောင်းလှတဲ့ ဆိုင်ရှင်ကလည်း သူ့ဆိုင်က ယမကာတွေနဲ့အစားအစာတွေကိုသာ စားသောက်ရမယ်ဆိုတဲ့ ဥပဒေတွေ မထားဘူး၊ ကြိုက်တဲ့ ပုလင်းတွေကို ယူလာသောက်သုံးခွင့်ပြုထားတယ်၊ အရင်းအနှီးများပြီး အမြတ်အစွန်းနည်းပါးတဲ့ ယမကာတွေထက် ဆိုင်ကဟင်းပွဲတွေကို ပိုပြီးတန်ဘိုးထားသူတွေပါ။

**မြို့ပြမှာ မွန်းကျပ်လာတဲ့သူတွေအဖို့ လုံဂါပါစားသောက်ဆိုင်က သင့်ကို စိတ်ကျေနပ်မှုတွေ ပေးနိုင်မယ်ဆိုတာ ရဲရဲကြီးအာမခံပါတယ်။**

COCO

Lungga pa စားသောက်ဆိုင်
LUNG GA PA
မနောကွင်းအတွင်းရှိ Lung Ga Pa ဆိုင်မှ မိတ်ဟောင်းမိတ်သစ်များကို နွေးထွေးစွာ အမြဲကြိုဆိုလျက်ပါ ......






Ph - 09-259846599, 09-258788523, 09788873315, 09976607444 မနောကွင်း ဝင်းအတွင်း

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA [ 2+1 ] VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
ဘီယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် Miss Asia Pacific International 2018 ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ကချင်တိုင်းရင်းသူ လီဆူမလေး Angel Yi San

မြစ်ကြီးနား၊ ဩဂုတ်၁၇

Miss Asia Pacific International 2018 ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင် သွားမယ့်အလှမယ်ကတော့ ကချင်တိုင်းရင်းသူ လီဆူမလေး Angel Yi San ပဲ ဖြစ်ပါတယ်။

Miss Asia Pacific International Organization က ဦးဆောင်ပြီးရန်ကုန်မြို့မှာ လူတွေ့ Casting ဖြင့်ရွေးချယ်ပြီးတော့ winner အဖြစ် Angel Yi San ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲကြီးကို သွားရောက်ယှဉ်ပြိုင်မယ့် နိုင်ငံကိုယ်စားပြုအလှမယ် Angel Yi San ဟာ ပြိုင်ပွဲအတွက် ပြင်ဆင်မှုများကို အကောင်းဆုံးဖြစ်အောင် ကြိုးစားနေကြောင်း မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြခဲ့ပါတယ်။

"ဒီပြိုင်ပွဲနဲ့ ပတ်သက်ပြီး ညီမအကောင်းဆုံးကြိုးစားနေတယ်ပေါ့နော်၊ အဓိက ကတော့မြန်မာနိုင်ငံရဲ့ Culture ပိုင်းတွေ၊ Knowledge ပိုင်းတွေဟိုဘက်ကို အကောင်းဆုံးချပြနိုင်အောင် ပြင်ဆင်ထားတယ်၊ ဟိုဘက်မှာ ပြုလုပ်မယ့် Training Catwalk တို့ Body ပိုင်းတို့ National costume တို့ Evening Gown တို့ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားနေတယ်၊ နိုင်ငံကိုယ်စားပြုဆိုတော့ ကိုယ်အဆင်မပြေရင် မြန်မာနိုင်ငံကိုထိမှာဆိုတော့၊ အခက်အခဲဆိုရင် ညီမက အင်္ဂလိပ်ပိုင်း နည်းနည်းအားနည်းတယ်ဆိုတော့ အခြားဟာတွေထက်ပိုပြီး အချိန်ပေးလေ့လာဖြစ်တယ်။ ပြီးတော့ အကောင်းဆုံး ကြိုးစားနေပါတယ်"လို့လည်း သူမရဲ့အားထုတ်ခဲ့ပုံကို ပြောပြခဲ့ပါတယ်။

အလှမယ် Angel Yi San ဟာ နိုင်ငံကိုယ်စားပြု အလှမယ်ဖြစ်ရုံတင်မကဘဲ Miss ENat City Queen, Miss Universe Hpakant 2017 Second Runner up, Miss Universe Hpakant 2017 People choice award, Miss Universe Hpakant 2017 Talent Winner, Miss Eco Myitkyina 2017 people choice award, Miss Eco Myanmar 2017 Third Runner up, Miss Eco Myanmar 2017 Famous Award ဆုများကို ရရှိထားတဲ့ အလှမယ်လေးလည်း ဖြစ်ပါတယ်။

ဆက်လက်ပြီး သူမ သွားရောက်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲနဲ့ ပတ်သက်ပြီး သူမရဲ့ပရိသတ်များကို ဝိုင်းဝန်းအားပေးကြဖို့ အခုလို ပြောကြားထားပါတယ်။

"ကျွန်မက ဒီအဆင့်ထိရောက်လာတာ ဒီ Angel Yi San ဆိုတဲ့နာမည် တစ်ခုရလာတာ ညီမကိုယ်ညီမတော်လို့ မဟုတ်ဘူးပေါ့နော်၊ သူတို့တွေအားပေးလို့ ဝိုင်းပြီးတော့ချစ်ပေးတယ်၊ အားပေးတယ် အဲ့ဒါကြောင့် နေရာတစ်ခုရလာတာပါ။ အခုညီမက စက်တင်ဘာ ၄ရက်နေ့မှာ ဖိလစ်ပိုင်ကို သွားမယ်၊ ပြီးတော့ တစ်လလောက် camp သွင်းမယ်။ Grand Final က အောက်တိုဘာ ၄ ရက် လုပ်မှာ အဲ့ကျရင် Official Voting တွေထွက်ပြီ အဲ့အချိန်ကျရင်အားပေးကြပါဦး။ ပြိုင်ပွဲတစ်လျှောက်လည်း အားပေးကြပါ၊ အခုလိုအားပေးကြတဲ့အတွက်လည်း အားလုံးကိုကျေးဇူးတင်ပါတယ်"လို့ ထပ်မံပြီးတော့ ပြောပါတယ်။

မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အနေနဲ့ အခုအကြိမ်သွားရောက်ယှဉ်ပြိုင်တာဟာ စတုတ္ထအကြိမ်မြောက်ဖြစ်ပြီးတော့ အဆိုပါ ပြိုင်ပွဲကြီးကို လာမယ့် အောက်တိုဘာလ ၄ ရက်နေ့မှာ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ Benadeth




# မကြာခင်မှာ ထိမ်းမြားလက်ထပ်ပွဲကျင်းပတော့မယ့် ကချင်အနုပညာရှင်လေး စောမ်စောမ်ပန်နဲ့ ခဏတာ



ကချင်သရုပ်ဆောင် မင်းသမီးစောမ်စောမ်ပန်ဟာ လာမယ့် ဩဂုတ်လ ၂၄ ရက် သောကြာနေ့မှာမြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်မှာရှိတဲ့စိန့်ကိုလန်ဘန် RC ဘုရားကျောင်းမှာ လက်ထပ်ပွဲကျင်းပတော့မှာ ဖြစ်ပါတယ်။ မြို့သစ်ရပ်ကွက်မှာရှိတဲ့ ယူနန်တရုတ်ဘုံကျောင်းမှာတော့ မင်္ဂလာဧည့်ခံပွဲ ကျင်းပမှာဖြစ်ပါတယ်။

**အစ်မရဲ့ ခင်ပွန်းလောင်းကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးပါဦး။**

အစ်မခင်ပွန်းလောင်းအမည်ကတော့ Dr.Johny Myitung Ah Tang လို့ ခေါ်ပါတယ်။

**အစ်မနဲ့သူ ဘယ်လို စတွေ့ခဲ့တာလဲ သိချင်ပါတယ်။**

ဟုတ်၊ ပထမဦးဆုံး အစ်မတို့က အပြင်မှာတစ်ခါ တွေ့ဖူးတယ်။ ပြီးမှ သူက အစ်မကို အွန်လိုင်းပေါ်ကနေ စကားလာပြောတယ်။ အဲ့မှာ သတိထားမိပြီး စသိခဲ့တာပါ။

**အစ်မတို့က စသိပြီးတော့ လက်ထပ်ဖို့ ဘယ်လိုဆုံးဖြတ်ခဲ့ကြတာလဲ။**

အစ်မတို့ ချစ်သူတွေဖြစ်တယ်။ ချစ်သူသက်တမ်း ၂နှစ်လောက်မှာမှ လက်ထပ်ဖို့ဆုံးဖြတ်ခဲ့ကြတယ်။

**အစ်မအနေနဲ့ ခင်ပွန်းလောင်းကို ဘယ်လိုအချက်တွေကြောင့် ရွေးချယ်ဖြစ်ခဲ့တာလဲ။**

ညီမလေး သူက အစ်မအပေါ် စိတ်အရမ်းရှည်တယ်။ အစ်မက ဆိုးတဲ့အထဲမှာ ပါတယ်။ သူကအမြဲသည်းခံပေးခဲ့တယ်။ လူကြီးလည်းဆန်တယ်။ အစ်မ စိတ်ဆိုးရင်လည်း အမြဲလျှော့တယ်။ စိတ်ဆိုးပြေမှ ဒါက ဘယ်လိုဖြစ်သင့်တယ်ဆိုတာ ရှင်းပြလေ့ရှိတယ်။ သဘောထားလည်း အရမ်းကောင်းတယ်။ နားလည်မှု အပြည့်အဝ ပေးနိုင်လို့ပေါ့နော်။ အဲ့ဒါတွေကြောင့် ရွေးချယ်ဖြစ်ခဲ့တာပါ။

**မင်္ဂလာဆောင်ကိုရော ဘယ်လို ကျင်းပသွားဖို့ စီစဉ်ထားလဲ။**

အစ်မ မင်္ဂလာဆောင်ကိုတော့ သမရိုးကျ ရိုးရိုးရှင်းရှင်းပဲ လုပ်ဖြစ်မှာပါ။ အရမ်းကြီး အကြီးအကျယ်တော့ မလုပ်ဘူး။ နှစ်ဘက်မိဘဆွေမျိုးအားလုံးနဲ့ သူငယ်ချင်းတွေနဲ့ပဲ သက်တောင့်သက်သာနဲ့ ပြီးအောင် လုပ်ထားပါတယ်။

**မင်္ဂလာပွဲမှာရော မင်းသား မင်းသမီး တွေအများကြီးကို ဖိတ်ထားလား။**

ဒီ မင်္ဂလာပွဲကိုပေါ့နော် ။ ကချင်အနုပညာရှင်အားလုံးနဲ့ ရန်ကုန်က တက်သစ်စ Model တွေလည်း ဖိတ်ထားပါတယ်။

**အစ်မမင်္ဂလာဆောင်ပွဲမှာ လယ်သူတွေက အရံလုပ်မှာလဲ။**

အရန်ကတော့မိန်းကလေး ၄ ယောက် ၊ ယောကျ်ားလေး ၄ ယောက် ပေါ့နော်။ မိန်းကလေးဆိုရင် သရုပ်ဆောင် Ja Seng Ing ရယ် Seng, Katherine, Seng Nan ပြီးတော့ ယောကျ်ားလေးဆိုရင်တော့ La nga Seng Lawt, Gum Hkawng Lat, Seng Rat Aung, Htoi San Aung ပါ။

**မင်္ဂလာဝတ်စုံ ချုပ်ပေးတဲ့ ဒီဇိုင်နာတွေကရော ဘယ်သူတွေ ဖြစ်မလဲ။**

အဝတ်အစားချုပ်ပေးတာကတော့ Designer G Zung Ki (Shingkang), Zaw Seng (manmade)နဲ့ Seng Lat Maka တို့ပါ။

**အစ်မ မင်္ဂလာဆောင်ပြီးရင် ဟန်းနီးမွန်းထွက်ဖို့ရော စီစဉ်ထားတာရှိလား။**

အစ်မတို့က ဟန်းနီးမွန်းကိုတော့ နောက်ဆုတ်ထားပါတယ်။ ဘာလို့လဲဆိုတော့ သူ Ph.D (Business and Management) ဘွဲ့သွားယူတဲ့အခါမှ သွားဖို့ စီစဉ်ထားပါတယ်။

**အိမ်ထောင်ပြုပြီးရင်ရော ဘယ်မှာနေဖို့ စီစဉ်ထားလဲ။**

ဟုတ် သူက Australia မှာ Ph.D (Business and Management) တက်နေတယ် အခုတော့ ပြီးပြီ။ ခွင့်ယူပြီး ဒီကို ပြန်လာတာပေါ့နော်။ အစ်မအနေနဲ့တော့ သူ့နောက်မလိုက်နိုင်သေးဘူး။ နိုင်ငံခြားထွက်ဖို့ အဆင်သင့်ဖြစ်တဲ့အချိန်မှပဲ အတူလိုက်သွားဖြစ်မယ်၊ လောလောဆယ်တော့ ရန်ကုန်မှာ နေမှာပေါ့နော်။

**အစ်မအနေနဲ့အိမ်ထောင်ပြုပြီးရင်ရော အနုပညာအလုပ်ကို ဆက်လုပ်သွားဖို့ ရှိလား။**

အင်း. . . အရင်လိုတော့ လုပ်ဖြစ်မယ် မထင်ဘူးပေါ့နော်။ ဘာလို့ဆို အိမ်ထောင်လည်းကျပြီဆိုတော့ ရိုက်ဖြစ်ရင်လည်း အရင်တုန်းကလောက်တော့ ရိုက်ဖြစ်မယ် မထင်ဘူး။

**နောက်ဆုံးအနေနဲ့ ပရိသတ်တွေကို ဘာများပြောချင်ပါသလဲ။**

ပရိသတ်တွေအားလုံးကို အရမ်းကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့လည်း အားပေးကြပါ။ ချစ်ပေးကြပါလို့ ကျေးဇူးတင်ပါတယ်။